# သခင့်စကား


The LORD's Word

မင်းအောင်သက်လွင်စီစဥ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


ချစ်တော်မူသော သူတို့သည် ချမ်းသာ ရမည်အကြောင်း အကျွန်ုပ် စကားကို နားထောင်၍ လက်ျာ လက်ရုံးတော်အားဖြင့် ကယ်တင်တော်မူပါ။ ဆာ ၁၀၈း၆


အမှတ်စဉ် (၁၁၀) | အောက်တိုဘာလ | ၂၀၁၀ခုနှစ် | ခမ္ဘါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)



## ဖယောင်းတိုင် *(မင်းအောင်သက်လွင်)*



အကြောင်းတိုက်ဆိုင်လို့ ဖယောင်းတိုင်ကို လေ့လာကြည့်ရင်
မီးအရောင် လက်စေဖို့ –
ဖယောင်းအရည် ပျက်ကြွေ ပေးနေတာကို တွေ့ရလိမ့်မယ်။
မီးအား ပိုပြင်းလေ ဖယောင်းရည် ပိုဆင်းလေ ၊
မီးအရောင် ပိုပေါ်လေ ဖယောင်းအရည် ပိုပျော်လေ ၊
မီးအား ပိုတောက်လေ ဖယောင်းအရည် ပိုပျောက်လေ ။
တစ်ခန်းလုံးမီးလင်းဖို့ ဖယောင်းတစ်တိုင်လုံး ဘဝပျက်ခဲ့ရတယ်။
အဲဒီတော့ မီးရောင် အလင်းအားနဲ့
ဖယောင်းတိုင် အရည်ပျော်အား အပေးအယူ မျှတမှု ရှိဖို့ လိုလိမ့်မယ်။
ဖယောင်းတိုင် မကုန်ခင် မီးရောင် မမှုန်ခင်
လူ့အသက် မကုန်ခင် ၊ လူ့ ရမက် မမှုန်ခင်။ တို့တွေ အလင်း လင်းစေရမယ်။

------------------------------------------------------------------

## သွေး ( Marie Saw Say, မော်ဘီ)



အိုးထိန်းသမား၏မြေကွက် တစ်ပါးအမျိုးသားတို့၏ သင်္ချိုင်း ဖြစ်စေဖို့
အဖိုးဖြတ်သော ကိုယ့်ဖို့ငွေ သုံးဆယ်နဲ့ ဝယ်
အစွဲပြုခေါ်ဆိုသော သွေးမြေ.....အကျွန်ုပ်အပြစ်
မချစ်လို့တော့ မဟုတ်ပါဘူးသခင် ... အသဲနင့်အောင် ချစ်ခဲ့တာပါ
မနစ်မြို့လို့ မဟုတ်ပါဘူးသခင် ... ဘဝတစ်ခုလုံးနဲ့ရင်းပြီး တွယ်တာခဲ့တာပါ။
သို့သော်.....တဒင်္ဂ အသိစိတ်ရဲ့ မှောက်မှားမှုကြောင့်
မသိစိတ်နဲ့ သခင့်ကို ပြစ်မှားမိခဲ့တာ။ အနမ်း တစ်ပွင့်နဲ့ ငွေအပြား သုံးဆယ်
အကျွန်ုပ် ဘဝအတွက် မဖူလုံပါဘူးသခင် မရောင့်ရဲတတ်တဲ့ စိတ်ဆန္ဒနဲ့
တပည့်တော်ချင်း အပေါ် မလိုမုန်းပွားတဲ့ မုန်းတီးစိတ်ကြောင့် သခင့်ကို ရောင်းစားခဲ့တာ။
ချစ်ခြင်းတရားတွေနဲ့ ယိုဖိတ်နေတဲ့ သခင့်ရဲ့အသွေး
အကျွန်ုပ် အပြစ်သွေးတွေနဲ့ ပေကျံသွားတဲ့ သခင့်ရဲ့ ခန္ဓာ
ဆင်ခြင်ခြင်းရဲ့နောက်ကျောက နောင်တ အဘယ်အရာသည် ရွေးပိုင်မည်လဲ........
သခင့်အပေါ် စီရင်သော သေပြစ် အပြစ်မရှိသူ၏ အသွေးကို အပ်မိသော အကျွန်ုပ်
ချည်နှောင်မှု ကင်းသော သခင့်မေတ္တာတော်က လည်ကြိုးတပ်လို့
အကျွန်ုပ်ကိုယ် အကျွန်ုပ် စီရင်လည်း လွတ်ငြိမ်းခွင့်ပေး ခွင့်လွှတ်ခဲ့တယ်။ မတရားသော
အခ အကျိုး၏ ရလဒ် မှောက်လျက် ကျလဲ ဝမ်းကွဲသဖြင့် အအူများပေါက် နိဂုံးချုပ်ခဲ့။

------------------------------------------------------

## လျှောက်လှမ်းလာခဲ့ စင်္ကာပူမှာ F Penny (mizo)



တိတ်ဆိတ်ငြိမ်သက်၊ ကြေကွဲ လမိုက် အခန်းကျဉ်းလေးထဲ၊ အထီးကျန်စွာ
အမှတ်မထင်၊ ရောက်ရှိခဲ့ရာ မြစ်ဖျားခံသည့်၊ အတိတ်အကြောင်းအရာ
ပြန်လည် စဉ်းစားနေမိ။ (ဝေဒနာခံစားမှု အစ)
နှစ်ဆယ့်ခြောက်ရက်၊ ငါးလ၊ နှစ်ထောင့်ရှစ်ခုနှစ် ညနေ သုံးနာရီ၊ အမိ နိုင်ငံမှ
စင်္ကာပူနိုင်ငံသို့ ရောက်ရှိလို့ လာခဲ့။ နင်းမိခဲ့ ဒီမြေ၊ အချိန်မှ စ၍
အားငယ်မှုသို့၊ ရင်ထဲ ဝင်ရောက်ခဲ့၊ ဒီလိုနှင့် အလုပ်ရှင် သူဌေးဆိုသည့်၊
အသားဖြူဖြူ၊ တရုတ်လူမျိုး မိတ်ဖွဲ့ဆုံတွေ့၊ ပွဲစား ရုံးခန်းမှာ
ရုပ်ကလေး ကြည့်တော့ သနားကြင်နာ၊ ဖေးမမည့် အရိပ် ထင်ဟပ်ခဲ့၊
သို့ပေမယ့် လက်တွေ့ဘဝမှာ ကွာလွန်းမက ကွာခြားခဲ့ပေါ့။



အချိန်ကာလ၊ ကြာလာသည်နှင့်အမျှ၊ မင်းသား ဟန်ဆောင်၊ လူ့ ဘီလူးရုပ်၊
ဇာတိရုပ် အမှန်၊ ပေါ်ထွက်လာခဲ့၊ တစ်စက္ကန့်မှ မရှိလေတဲ့ ကိုယ်ပိုင်အချိန်
အပေ့ါ အလေး၊ အချိန်အကန့်အသတ်ရယ်၊ တားမြစ်ပိုင်းခြား၊ စည်းကမ်းချက်များ
စက်သေနတ် အလား၊ နေ့ညမပြတ် ပေါ်ထွက် ပေါက်ကွဲလာသည့် အသံဆိုးကြီး
စိတ်နှစ်သက်ရာ မရှိခဲ့လျှင်မှု ကိုယ်ထိလက်ရောက် ကျူးလွန်ချင်သည့်
နိုင်ထက်စီးနင်း အပြုအမူ၊ အချိန် အကန့်အသတ်မရှိ အော်ကာဟစ်လို့၊

မောင်းထုတ်ခံရ၊ စင်္ကာပူ အစေခံ အကျွန်ုပ်။ ခေတ်မှီလှပ၊ လေးလွှာအိမ်ကလေးနှင့်
ချစ်စရာ သားလေးနှစ်ယောက်ကို ထိန်းကျောင်းခဲ့ရ။ ခွေးဖြူကလေးရယ်၊
ဥစ္စာ ခနေဂုဏ်၏ အရှိန် ကြီးကျယ်လွန်းမက ကြီးကျယ်လှပေ့ါ။
ထိုသို့ ကြီးကျယ်လှသည့် ဥစ္စာခနေ ဂုဏ်ရှင်တို့၏ အစေခံဖြစ်သည့် အကျွန်ုပ်မှာမူ၊
အာဟာရခါတ်၊ သမုဒ္ဒရာ ဝမ်းတစ်ထွာ ဖူလုံဖို့ရန်၊ စားဖို့ ပန်းကန် မရှိလေတော့၊



တစ်ခါသုံး ပလတ်စတစ် ပန်းကန်ကလေးရယ် မလောက်မင
ခေါက်ဆွဲထုတ် တစ်ထုပ်နှင့် လုံလောက်ခဲ့ရ တစ်မနက်စာ။
ညနေခင်းလေး ရောက်ရှိလာလို့ ဂလု ဂလု ဆန္ဒပြနေသည့်၊
ဒီဝမ်းတစ်ထွာ ဖြည့်ဆည်းဖို့ရန်၊ လက်သီးဆုပ်ခန့် ထမင်းဖြူနှင့် အားဖြည့်ခဲ့ရ။
အိပ်စက် အနားယူချိန်၊ ရောက်လာပြန်တော့ နောက်တစ်နေ့မနက် နှစ်နာရီမှသာလျှင်
အိမ်စက် အနားယူခဲ့ရ။ ထိုသို့ပင်ပန်းကြီးစွာ လုပ်ခဲ့ပေမယ့်၊
နေ့တိုင်း၊ အချိန်တိုင်းမှာ အမင်္ဂလာ ဖြစ်ခဲ့ရသူ၊ အစေခံ အကျွန်ုပ်။
တရံတခါလေးမှာဖြင့် အမိနိုင်ငံမှ ချစ်သော မိဘ၊ မောင်နှမသို့၊
လွမ်းကာဆွေးကာ၊ ပုလဲမျက်ရည် စီးကျခဲ့ရပေ့ါ။



သို့ပေမယ့်လည်း ချစ်သားသမီးတို့၊ ဒုက္ခ ပင်လယ် ဝေနေချိန်အခါ
ငြိမ်သက်ခြင်း ဂရုဏာရှင်၊ ထာဝရဘုရား ပေါ်ထွက်လာ၍၊
ဂုဏ်ကျေးဇူးတော် ချီးမွမ်းပါ၏။ (ဝေဒနာခံစားမှု အဆုံး)
ယခုတွင်မူ၊ ထိုသမုဒ္ဒရာ ဝမ်းတထွာ၊ ဖူလုံရုံမျှ မက၊ ပိုလျှံလျှက်၊
အိပ်ရေးဝဝ အိပ်စက်ရ၍၊ ပန်းကန်လှလှ ထမင်းဟင်းစုံ စားရပါ၏။
ရုပ်ဆင်း အင်္ဂါ မတူသကဲ့သို့ ကွဲပြားလေတဲ့ စိတ်ဓါတ်ရေးရာ နားလည်ခဲ့ရ။
ကောင်းကြီး မင်္ဂလာ ခံစားရင်း၊ လျှောက်လှမ်းလာခဲ့၊ ဒီစင်္ကာပူမှာ ကျွန်ုပ်ပင် ဖြစ်လေ၏။
(ဆာလံ ၂၃း၁)။ ။ ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲ မခံရ။)

------------------------------------------------------------

## အချိန်ရောက်ရင် (လုကာ ၁၇ း ၃၄–၃၇) *(မင်းထွန်းသက်လွင်)*

နိုးထကြ ပန်းကလေးများ သင့် ပန်းတခေါင်းထဲက ရေ တစ်ဝက်လျော့နေတာ တွေ့ရမယ်။
နိုးထကြ ငှက်ကလေးများ ဆောက်ထားတဲ့သင့်သိုက်မြုံ တစ်ဝက်ပျက်နေတာတွေ့ရ မယ်။
နိုးထကြ စမ်းချောင်းများ စီးဆင်းလာတဲ့ သင့်ရဲ့ အား တစ်ဝက် နေးနေတာ တွေ့ရမယ်။
နိုးထကြ နာရီများ လှုပ်ရှားနေတဲ့ သင့်ရဲ့လက်တံ တစ်ဝက် ပွန်းစုတ်နေတာ တွေ့ရမယ်။
နိုးထကြ အိုလူသား အချိန်တန်လို့ ချီဆောင်ချိန် ရောက်ရင် သင့်ဘေးက အဖော်မွန် တစ်ယောက် ရုတ်ချည်း ပျောက်သွားတာကို မြင်နေရဦးမယ်။ ။



------------------------------------------------------------

## ဘုရားသခင်ပို့ပေးတဲ့ သခင့်စကား စာစောင် ( ဝါဝါ )

စင်ကာပူနိုင်ငံမှာ အလုပ်လုပ်နေစဉ် ကာလမှာ လစဉ် ပထမ တနင်္ဂနွေနေ့ ရောက်တိုင်း ကျွန်မ မျှော်လင့် တောင့်တမိတဲ့အရာကတော့ ဘုရားကျောင်းသွား၍ ပွဲတော် မင်္ဂလာ ဝင်စားခွင့်ရခြင်းနဲ့ သခင့်စကားစာစောင် ဖတ်ခွင့်ရရှိရေးဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မက တနင်္ဂနွေနေ့တိုင်း အရမ်း အလုပ်များပါတယ်။ သခင့်စကား ဖတ်ဖို့၊ ပွဲတော် စားဖို့ နေနေသာသာ ဘုရားကျောင်းတောင် တက်ခွင့် မရပါဘူး။ စင်ကာပူမှာက ပွဲတော်ကို အိမ်တိုင်ရာရောက် လာပေးတဲ့ သင်းအုပ်ဆရာ မရှိတဲ့အတွက် ပွဲတော်စားဖို့ လုံးဝ မမျှော်လင့်တော့ဘဲ နောက်အခွင့်အရေး တစ်ခုဖြစ်တဲ့ သခင့်စကားစာစောင် ဖတ်ခွင့်ရဖို့အတွက် အယ်ဒီတာဆီ ဆက်သွယ်တဲ့အခါ မင်းအောင်သက်လွင်က လစဉ် ကျွန်မအိမ်လိပ်စာတနဲ့ စာတိုက်ကနေ ပို့ပေးပါတယ်။ ကိုအောင်သက် ပို့ပေးတဲ့ စာစောင်က တစ်ခါ တစ်လေ နောက်ကျတတ်တဲ့ အတွက် ပထမအပါတ် တနင်္ဂနွေနေ့မှာ မဖတ်ရဘဲ နောက် တစ်ပါတ် ၂ ပါတ်နေမှ ဖတ်ရတာ များပါတယ်။ ကျွန်မ စိတ်ထဲမှာ သခင့်စကားကို သူများ တွေနဲ့ တန်းတူ ပထမ အပါတ် တနင်္ဂနွေနေ့မှာ ဖတ်ချင်တာပါဘဲ။ သခင့်စကားစာစောင် ဖတ်ရှုရခြင်းဖြင့် အထဲမှာ ပါတဲ့ ကဗျာ၊ သက်သေခံချက်၊ တရားဒေသနာ တိုက်တွန်း ချက်တွေဟာ ကျွန်မ အတွက် ထိမိ၍ တည်ဆောက်စရာနဲ့ ဂိညာဉ်ခွန်အားတွေ အများကြီး ရပါတယ်။ စာစောင်ဖတ်ရင်း ဘုရားကျောင်းထဲ ရောက်သွားသလို ခံစားရပါတယ်။ စတင်

မျိုးစေ့ ကြဲသော အယ်ဒီတာ ကိုအောင်သက်နဲ့ တကွ လစဉ် ပါဝင် ရေးသား ဆက်ကပ်ကြသူ ယုံကြည်သူ ညီအစ်ကိုမောင်နှမအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

၂-၈-၁၉ ပထမအပါတ် တနင်္ဂနွေနေ့မှာ သာယာသော ဥပုသ်တော်နေ့မြတ်ပွဲတော် မင်္ဂလာဝင်စားဖို့ ဆိုတာ သတိရပေမဲ့ ကျွန်အ အလုပ် အရမ်းများတဲ့အတွက် ဘုရားကျောင်း မသွားနိုင်ခဲ့ပါဘူး။ အယ်ဒီတာ ကိုအောင်သက်ကလဲ သခင့်စကားကို စာတိုက်ကနေ မပို့ပေးသေးလို့ သခင့်စကား ဖတ်ခွင့် မရသေးပါဘူး။ အဲဒီနေ့ ညနေ ၆နာရီမှာ အိမ်ရှင် အဖွားကြီးအိမ်ကနေ သူ့သမီးအိမ်ကို ကျွန်မ ထွက်လာခဲ့ပါတယ်။ ကျွန်မ လက်ထဲမှာ အိမ်ရှင် အဖွားကြီးကြော် ခိုင်းတဲ့ sea food ထမင်းကြော်ထုတ်။ မီးပူတိုက်ပြီးသား အဝတ်ထုတ်တွေကို လက်နှစ်ဘက် အပြည့်ကိုင်ထားတဲ့အပြင် ပုခုံးမှာပါ လွယ်ပြီး အဖွားကြီးရဲ့ သမီးအိမ်ကို သွားပို့ရပါတယ်။ ဒိုဘီကို့ ရထားဘူတာရုံ နားရောက်တော့ အမှိုက်သရိုက် လုံးဝ မရှိတဲ့ စင်ကာပူနိုင်ငံမှာ A4ဆိုဒ် စာရွက်ကြီးတစ်ရွက် လမ်းပေါ်လွင့်ကျ နေတာ တွေ့လိုက်ရတယ်။ အနီးကပ်ကြည့်တော့ မြန်မာစာလုံးတွေ ရိုက်နှိပ်ထားတာမို့ ကျွန်မ ကုန်းပြီးကောက်ယူ ဖတ်ကြည့်လိုက်တဲ့အခါ။ အားပါးပါး ကျွန်မ အရမ်းဖတ်ချင်နေတဲ့ ဩဂုတ်လ လထုတ် သခင့်စကားစာစောင် ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ဘေးဘီကို လှမ်းကြည့်၊ ပိုင်ရှင် မရှိတာ သိလို့ကောက်ယူရင်း သွား ၃၆ချောင်း ပေါ်အောင် ပြုံးလိုက်မိပါတယ်။ ဘေးလူမြင်ရင် ရည်းစားစာ ဖတ်နေတယ်လို့ထင်မှာပါ။ ကျွန်မ အတွက်ကတော့ သခင့်စကားဟာ ရည်းစားစာထက် အအဆပေါင်းများစွာ သာလွန်တဲ့ ပီတိ ရသ ခွန်အားကို ပေးတဲ့ စာစောင်လေးပါ။ စာစောင်နဲ့အတူ ကရင်ဘာသာစကားနဲ့ ရိုက်နှိပ်ထားတဲ့ ဝတ်ပြုအစီအစဉ် စာရွက်လေးကို တွေ့ရတော့ ကရင်ဘုရားကျောင်းလာတက်တဲ့ ပရိတ်သတ် တစ်ယောက်ယောက် ကျကျန်ခဲ့တာဖြစ်မယ်လို့ ကျွန်မ ယူဆလိုက်မိရင်း ဘုရား သခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ကျွန်မ အရမ်း ဖတ်ချင်နေတဲ့ စာစောင်ကို ဘုရားသခင်က သူ့နည်းသူ့ဟန်နဲ့ နောက်မကျဘဲ ဖတ်ခွင့်ရအောင် အချိန်မှီ ပို့ပေးခဲ့ပါတယ်။

အဲဒီစာစောင်ထဲက နန်းရထိုက် ရေးတဲ့ စာမူသက်သေခံချက်လေးကို ဖတ်ပြီး အာဇာနည် မိခင်လို့ ဂုဏ်ပြုလိုက်မိပါတယ်.။ နောက်လာနောင်သားတွေအတွက် ဆင်ခြင်စရာလေးတွေ ဖြစ်ပါတယ်။ ကျွန်မရဲ့ ဆန္ဒဖြစ်တဲ့ ဦးဦးဖျားဖျား ဖတ်ချင်တဲ့ သခင့်စကားကို ဩဂုတ်စ်လမှာ ဖတ်ခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

(ဆာလံ ၁၀၇း၉ - အကြောင်းမူကား တောင့်တသော ဝိညာဉ်ကို ရောင့်ရဲစေ၍ မွတ်သိပ်သော ဝိညာဉ်ကိုလဲ ကောင်းသောအရာနှင့် ဝ စေတော်မူ၏။ ( ဝါဝါ )



---------------------------------------



## သရဲတောင်ကြောက်တယ် ( ဂွိ )

တစ်ခါတုံးက မြို့နဲ့ အလွန်အလှမ်းကွာဝေးလှတဲ့ နေရာက ရွာလေးတစ်ရွာမှာ အသင်းတော် တစ်ပါးရှိတယ်။ အဲဒီအသင်းတော်က သင်းထောက်လူကြီး တစ်ဦးဟာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ မြို့ကို တစ်ဦးတည်း ခရီးထွက်လာခဲ့ပါတယ်။ အဖော်မပါ ခရီးပန်းလို့ မိုးချုပ်ခါနီးမှာ တစ်ညအိပ် ခိုနားဖို့ နေရာ ရှာမိတော့ သင်္ချိုင်းကုန်းကြီးနားမှာ သူ ရောက်နေမိတာကို သတိထားလိုက်မိတယ်။ ခရီးဆက်ထွက်ဖို့ အချိန် မရှိတော့တဲ့အတွက် မျက်စိစုံမှိတ်ရင်း ကြောက်ကြောက်နဲ့ အိပ်နေချိန်မှာ သူ့ကို သရဲ စခြောက်ပါတော့တယ်။ သူရဲ ထွက်ပြေးအောင် သူတို့ရွာက ဘုရားကျောင်းမှာ တနင်္ဂနွေနေ့တိုင်းလုပ်တဲ့ ဝတ်ပြုစည်းဝေး အစီအစဉ်အတိုင်း ဘုရား စတင်ရှိခိုးပါတော့တယ်။ ပထမဦးစွာ ရသမျှ ကျမ်းစာကို ကျယ်ကျယ် ဖတ်ပါတော့တယ်။ သရဲက ကျမ်းစာကို မကြောက်ဘဲ ပိုတောင် ခြောက်လာပါတော့တယ်။ ကျမ်းစာဖတ်လို့ သရဲ မပြေးရင် သီချင်းဆိုမယ် ဆိုပြီး ရသမျှ သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုပေမဲ့ သရဲက မကြောက်ဘဲ ပိုခြောက်ပြန်ပါတယ်။ သရဲ ပြေးအောင် နောက်တစ်မျိုး သူက ဆုတောင်းပြန်ပါတယ်။ ဆုတောင်းလဲ သူရဲက မပြေးဘဲ ပိုခြောက်ပြန်ပါတယ်။

အဲဒါနဲ့ သင်းထောက်ကြီး တော်တော် စိတ်အိုက်သွားပါတယ်။ အင်း ငါတို့ရွာက ခရစ်ယာန်တွေ အပါတ်စဉ် ကျမ်းစာဖတ်။ သီချင်းဆို ဆုတောင်းကြတယ်။ နောက်ဘာလုပ်ဖို့ ကျန်သေးလဲလို့ ခေါင်းတဗျင်းဗျင်းကုတ်ရင်း စဉ်းစားမိတာကတော့၊ ဟုတ်ပြီ အလှူငွေ ကောက်ဖို့ ကျန်သေးတယ်။ ဟုတ်တယ် အလှူငွေ ကောက်ရမယ် ဆိုပြီး ဆောင်းထားတဲ့ သူ့ ဦးထုပ်ကို ချွတ်ပြီး အလှူငွေ စကောက်ပါတော့တယ်။ အဲဒီအချိန်မှာ အခုနက ခြောက်နေတဲ့ သရဲ ဟာ ဆက် မခြောက်တော့ဘဲ ထွက်ပြေးသွားပါတယ်။ သင်းထောက်လဲ ဟိုနေရာမှာ သရဲခြောက်ရင် ဦးထုတ်ရှေ့တိုးပြီး အလှူငွေကောက်။ ဒီနေရာ သရဲခြောက်ရင် ဦးထုပ်လေးရှေ့တိုးပြီး အလှူကောက်လိုက်နဲ့ သူရဲ ခြောက်တဲ့ နေရာတိုင်းမှာ အလှူငွေ ကောက်ပစ်လိုက်တာ အလှူငွေ ကောက်တဲ့ နေရာတိုင်း သရဲ က မခြောက်တော့ဘဲ ပျောက်သွားပါလေရော။

အဲဒါနဲ့ သင်းထောက်ကြီးလဲ အားရပါးရ သတ္တိရှိရှိ အသံ အကျယ်ကြီး အော်ပစ်လိုက်တာက ဟေ့ သရဲတွေ သတ္တိရှိရင် လာခဲ့။ အလှူငွေ ကောက်ပစ်လိုက်မယ်တဲ့။

## သက်သေခံချက် ( မမဖိုး - ပုသိမ်)

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မဟာ အပြင်ထွက်ခွင့် မရလို့ လစဉ် ထုတ်ဝေတဲ့ သခင့်စကားစာစောင်ကို တစ်ခါမှ ဖတ်ခွင့် မရပါဘူး။ စာတိုက်ကနေ ပို့ပေးလိုက်လို့သာ ဖတ်ရပါတယ်။ ဘယ်သူပို့ပေးသလဲ ဆိုတာလဲ မသိပါဘူး။ ဘုရားကျောင်းက အကြင်နာတရား ရှိသူ တစ်ယောက်ယောက်က စိတ်တို့ထိ လို့ ပို့ပေးတယ်လို့ ထင်ရပါတယ်။ ကျွန်မ နာမည် မဖိုးပါ။ စင်ကာပူကို ၁၈-၆-၂၀၀၈ ကရောက်ပါတယ်။ စင်ကာပူကို ရောက်လာတာကတော့ မိဘကို လုပ်ကျွေး၊ မွေးကျေးဇူး ဆပ်လိုတဲ့ ရည်ရွယ်ချက် တစ်ခုတည်းနဲ့ပါ။ မိဘနှစ်ပါးလုံး အသက်ကြီးပြီမို့ ကျေးဇူး ဆပ်ချင်လို့ ကိုယ့်သဘောနဲ့ကိုယ် စီစဉ်လိုက်တာ ဖြစ်ပါတယ်။ မိဘ ဆွေမျိုး မိတ်ဆွေများ အားလုံးက ကန့်ကွက် တားဆီးကြပါတယ်။ ဒါပေမဲ့ ယုံကြည်ချက် တစ်ခုတည်းနဲ့ ဆုံးဖြတ်ချက်ချပြီး ဘုရားသခင်ထံ အပ်နှံ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနေ့က စပြီး ဘုရားသခင်ထံ နေ့ညမပြတ် ဆုတောင်းခဲ့ပါတယ်။ ကိုယ့်သဘောနဲ့ကိုယ် လုပ်တာဖြစ်တဲ့အတွက် မိဘ ညီအစ်ကို မောင်နှမတွေဆီက ဘာအကူအညီမှ မရခဲ့ပါဘူး။ ပထမဦးစွာ တွေ့ကြုံရတဲ့အရာက ငွေရေးကြေးရေးပါ။ မိဘတွေ ကူညီမလား ဆိုပြီး ငွေလှမ်းမှာ ပေမဲ့ သူတို့ မပို့ပေးပါဘူး။ ကျွန်မ အခက်အခဲများစွာ တွေ့ရပါတယ်။ ကျွန်မနဲ့ အတူတူ စင်ကာပူလာဖို့ လုပ်နေတဲ့ သူငယ်ချင်းတစ်ယောက်က ဘုရားသခင် မတတ်နိုင်တာ ဘာမှ မရှိဘူး ဘုရားသခင်က လူသားတွေအပေါ် ကြီးမားတဲ့ အမှုကို ပြုတော်မူတယ် ဆိုပြီး ခွန်အားပေးလို့ အားတက်သွားပါတယ်။ အားတက်ပြီး ဆုတောင်းတဲ့ အတိုင်း ဘုရားသခင် နားညောင်းလို့ ကျွန်မ စင်ကာပူကို ရောက်လာခဲ့ပါတယ်။

ကျွန်မ စင်ကာပူကို ရောက်လာတာနဲ့ နောက်ထပ် အခက်အခဲ ထပ်ကြုံ ရပါတယ်။ အလုပ်ခွင် စာမေးပွဲဖြစ်ပါတယ်။ ပထမ အကြိမ်လဲ မအောင်၊ ဒုတိယလဲ မအောင်နဲ့ နောက်ဆုံး တတိယအကြိမ်မှာတော့ ဘုရားသခင်ထံ အပ်နှံပြီး ဘုရားသခင် အလိုတော်ရှိလို့ အလုပ်လုပ်ခွင့် ပေးမယ်ဆိုရင် နောက်ဆုံးအကြိမ် စာမေးပွဲကို အောင်ခွင့်ပေးတော်မူပါ ဘုရားသခင်လို့ ဆာလံ ၂၃။ ၄၆ ကို အကြိမ် ၇၀တိုင်တိုင် ဖတ်ဆိုရွတ်ခဲ့မိပါတယ်။ ဆုတောင်းတဲ့အတိုင်း ဘုရားသခင် နားညောင်းခဲ့လို့ စာမေးပွဲအောင်မြင်ပြီး နောက်ရက်မှာ အလုပ်ခွင် ဝင်ခွင့်ရခဲ့ပါတယ်။ အလုပ်ဝင်တဲ့ အချိန်မှစ၍ ယခုအချိန်အထိ တစ်ခါမှ အဆင်မပြေခဲ့ပါဘူး။ ကျမ်းစာရွတ်ဆိုပြီး အလုပ်လုပ်ခဲ့ပါတယ်။ အလုပ်ပြောင်းခွင့် မရသော်လဲ အလုပ် မပြောင်းမရွှေ့ရဘဲ ဆက်လုပ်ခွင့် ရခဲ့ပါတယ်။ လစာကို ဒေါ်လာ ရာနဲ့ချီ ပေးထားရတာ တစ်မိနစ်တောင် နားလို့ မရဘူး ဆိုတဲ့ သူဌေးရဲ့ စကားအတိုင်း အလုပ်ကို စဉ်ဆက် မပြတ် လုပ်နိုင်တဲ့ ခွန်အားကို ဘုရားသခင်က ပေးခဲ့ပါတယ်။ မိဘများက စင်ကာပူမှာ အလုပ်လုပ်ရန် သဘော မတူသော်လည်း ဘုရားသခင် သဘောတူသောကြောင့် ယနေ့ထက်တိုင် ခံနိုင်ရည် ခွန်အားနဲ့ အလုပ်လုပ်နိုင်ကြောင်း သက်သေခံလိုက်ပါတယ်။ မသဲ ၇း၇။ ။ မမဖိုး ( ပုသိမ်)

---------------------------------------

## ငါခိုလှုံရာ ငါ၏ရဲတိုက် ငါကိုးစားသော ဘုရားသခင် ( Ruby )



ကျွန်မ လေးတန်း အရွယ်တုံးက ခနေဖြူက အဖွားဆီကို အလည်သွားရင်း ဟသာင်္တမှာ ခနေဖြူ အသင်းတော် ကိုယ်စား ကျမ်းစာပြိုင်ပွဲဝင်ဖို့ အရွေးခံရပါတယ်။ ပြိုင်ပွဲဝင်ရမဲ့ ကျမ်းပိုဒ်ကတော့ ဆာလံ ၉၁ ဖြစ်ပါတယ်။ ဆရာမက စိတ်ရှည်ရှည် သင်ကြား ပေးတဲ့အတွက် ပထမဆုကို ရခဲ့ပါတယ်။ ဒီကျမ်းပိုဒ်လေးက ကျွန်မ ဘဝအတွက် အမှတ် တရ ဖြစ်တဲ့အတွက် ထာဝရဘုရားသည် ငါ၏ ခိုလှုံရာ ရဲတိုက် ဖြစ်တယ်ဆိုတဲ့ အကြောင်း သက်သေခံ ဝေငှပါရစေ။

၁၉၉၇ နိုဝင်ဘာ ၂၂ မှာ မိသားစု စားဝတ်နေရေးအတွက် မြန်မာပြည်က စက်ရုံ အလုပ်ကို နုတ်ထွက်ပြီး စင်ကာပူက အိမ်တွင်းမှု အလုပ်ကို အကူအနေနဲ့ လုပ်ဖို့ ရောက်လာခဲ့ပါတယ်။ ပွဲစားက မိသားစု လေးယောက် တိုက်ခန်းမှာနေတဲ့ အိမ်မှာ လုပ်မလားလို့ မေးတော့ လွယ်ကူမယ် ထင်လို့ ရွေးလိုက်မိပါတယ်။ ဒါပေမဲ့ တကယ်တန်း လုပ်ရတဲ့ အိမ်က စင်ကာပူ အခေါ် ဘန်ဂလိုအိမ်၊ သုံးထပ်တိုက် မိသားစု ၈ယောက် ရှိတဲ့အပြင် အိမ်ရှင် အဖွားကြီးက အရမ်းမောက်မာ ခက်ထန်ပါတယ်။ ဘာသာစကား မတတ်ကျွမ်းမှု၊ လုပ်ငန်း မနိုင်နင်းမှုကြောင့် အဖွားကြီးရဲ့ ငြိုငြင်မှုကို ခံရပါတယ်။ စစချင်းနေ့မှာ Good Night ဆိုတဲ့ ကျွန်မရဲ့ နှုတ်ဆက်စကားကြောင့် နင်က အခုမှ ည ၁၁ နာရီဘဲ ရှိသေးတယ် အလုပ်မလုပ်ဘဲ အိပ်တော့မလို့လားဆိုပြီး အော်ဟစ် ဆဲဆိုတာကို ခံလိုက်ရပါတယ်။ သူတို့ အိမ်ကို စရောက်တဲ့နေ့က စ။ အိမ်ပြောင်းတဲ့နေ့အထိ မနက် ၅ နာရီ အိပ်ယာထ။ ည သန်းခေါင် အထိ လုပ်တာတောင် အလုပ်က တစ်နေ့စာ မပြီးပြတ်ပါဘူး။ မီးပူတိုက်စရာတွေကလဲ တစ်နေ့ထက် တစ်နေ့ ပိုပို များလာပါတယ်။ ထမင်းစားရင်လဲ အိပ်ယာဘေး ကြမ်းပြင်ပေါ်မှာ သတင်းစာ စက္ကူလေးခင်းပြီး စားရပါတယ်။ အဖွားကြီးရဲ့ ဆူပူ ကြိမ်းမောင်းသံ၊ အလုပ်ဖိစီးမှုဒဏ်တွေကြောင့် နေ့စဉ် စိတ်သောက ရောက်ခဲ့ရပါတယ်။ ပင်ပန်းလွန်းလို့ ကျမ်းစာဖတ်၊ ဆုတောင်းဖို့တောင် အချိန် များများ မပေးနိုင်ခဲ့ပါဘူး။ လူကို စက်ရုပ်တစ်ရုပ်လို မြန်မြန်ဆန်ဆန် အလုပ်လုပ်ခိုင်းပြီး အဖွားကြီးရဲ့နေ့စဉ် ဆူပူမှု



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၀ ။ အောက်တိုဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တွေကြောင့် ကျွန်မ ရောက်တဲ့ နေ့ကတည်းက စပြီး မပျော်နိုင်ခဲ့ပါ။ ကောင်းကင်က လေယာဉ်ပျံတွေ ပျံတာ မြင်ရင် မြန်မာပြည်ကို ပြန်ချင်စိတ် ပေါက်မိသလို တိုက် အမြင့်ကြီး ပေါ်ကနေ ပြုတ်ကျ သေချင်စိတ်တောင် ပေါက်မိခဲ့ပါတယ်။ အိမ်ရှင် မရှိခိုက် အိမ်က ထွက်ပြေးချင်စိတ် ပေါက်မိပေမဲ့ ဘယ်ကိုပြေးလို့ ဘယ်ကို သွားရမှန်း မသိသလို ရဲစခန်း ရောက်ရင်လဲ မဖြေရှင်းတတ်တဲ့အတွက် အိမ်ဘေးက ဖိလစ်ပိုင်မ ကို အကူအညီတောင်းပြီး ပွဲစားဆီ စာရေး ဆက်သွယ်ခဲ့ပါတယ်။ ငါ အရမ်း ဒုက္ခ ရောက်နေလို့ အိမ်ပြောင်းပေးပါလို့ အကူအညီ တောင်းခဲ့မိပါတယ်။ ကျွန်မ စင်ကာပူရောက်လာတဲ့အချိန်မှာ အရွယ် မရောက် သေးတဲ့ ကျွန်မရဲ့ ရင်သွေး သုံးယောက်ကို ခွဲခဲ့ရလို့ စိတ်မချတဲ့အပြင် မမြင်ရတဲ့ အနာဂါတ်ကို တွေးပြီး ရင်လေးနေခဲ့မိပါတယ်။

ဒါပေမဲ့ ဘုရားသခင်က ကျွန်မကို အမြဲ လမ်းပြခဲ့ပါတယ်။ စင်ကာပူကို မရောက်ခင် ယေသာဉ်ပျံပေါ်မှာ သုတ္တံ ၃း၅-၆ ကို အလွတ်ရွတ်ပြီး စင်ကာပူကို ခြေချခဲ့ ပါတယ်။ ကျွန်မ ဒုက္ခတွေ့နေချိန်မှာ မိဘမိတ်ဆွေ သူငယ်ချင်းတွေက မကူညီနိုင်ပါ။ ဘုရားသခင် တစ်ပါးတည်းသာ ကျွန်မနဲ့ အနီးဆုံး နေရာမှာရှိပြီး ကွယ်ကာ စောင့်ရှောက် ခဲ့ပါတယ်။ ကျွန်မရဲ့ မပြီးဆုံးနိုင်တဲ့ အလုပ်တွေ။ မဆပ်နိုင်သေးတဲ့ ပွဲစားခတွေ။ မခံနိုင် တော့တဲ့ ဆူပူကြိမ်းမောင်းသံတွေကို မခံစားနိုင်တော့တဲ့အတွက် ကူညီစောင့်မဖို့ အရူး တစ်ယောက်လို မျက်ရည် မျက်ခွက်နဲ့ ကျွန်မ ဘုရားသခင်ဆီ အသံထွက် အောင်ဟစ် ငိုယို ဆုတောင်းခံ ခဲ့ပါတယ်။

ဆုတောင်းပြီးတာနဲ့ အခြေအနေက ကောင်းမလာဘဲ အဖွားကြီးက ပိုဆူပါတယ်။ တစ်နေ့မှာ မီးပူတိုက်လို့ မပြီးရင် မအိပ်ရဘူးလို့ ကျွန်မကို အဖွားကြီးက ဒဏ်ပေးပါတယ်။ ကျွန်မ အလုပ်လုပ်ရင်း မူးလဲ ကျသွားမှ ပွဲစားဆီ ပြန်အပ်မယ် ထင်တယ်ဆိုတဲ့ စိတ်နဲ့ ကျွန်မ မီးပူကို ဆက်တိုက်နေမိပါတယ်။ ည သန်းခေါင်ကျော် တစ်ရေးနိုးလာတဲ့ အဖိုးကြီးက ကျွန်မကို ပြန် အိပ်ခိုင်းပါတယ်။ ကျွန်မ က ပွဲစားဆီ ပြန်ပို့ဖို့ ပြောပေမဲ့ သူတို့ ပြန် မပို့ခဲ့ပါ။ အဖွားကြီး နှိပ်စက်တဲ့ ဒဏ်နဲ့ တစ်နေ့ မဟုတ် တစ်နေ့ ကျွန်မ ပြဿနာ တက်မှာကို ကြိုတင် သိတဲ့ အဖိုးကြီးက သူ့ သမီးနဲ့ တိုင်ပင်ပြီး ကျွန်မကို ပွဲစားဆီ ပြန်ပို့ပါတယ်။ နဂိုကတည်းက သူတို့အိမ်မှာ မနေချင်လို့ ကျွန်မ က အထုတ်ပြင်ထားပြီးသား ဖြစ်ပါတယ်။ ပွဲစားအိမ်မှာ ရက်အနည်းငယ် သောင်တင်ရင်း အလုပ်ရှင် အသစ်ကို စောင့် နေခဲ့ပါတယ်။ ပွဲစားအိမ်မှာ နိုင်ငံတကာက စရိုက်ကြမ်းတဲ့ မိန်းမပေါင်းစုံရဲ့ ဘေးအန္တရာယ်ကလဲ ဘုရားသခင် ကွယ်ကာခဲ့ပါတယ်.။ မကြာခင်မှာ ကျွန်မနဲ့ သင့်တော်တဲ့ အလုပ်ရှင် အသစ်ကို ဘုရားသခင် ပြင်ဆင်ပေးခဲ့ပါတယ်။ မကြာခင်မှာ ကျွန်မရဲ့ အရည်အချင်းနဲ့ မမှီတဲ့ လစာငွေနဲ့ သက်သာတဲ့ အလုပ်ကို ပေးတဲ့အပြင် သမီး ဖြစ်သူနဲ့လဲ အတူတူ နေရ တဲ့ အခွင့်ကို ဘုရားသခင်က ပြန်ပေးခဲ့ပါတယ်။

ဘုရားသခင်ဟာ ကျွန်မရဲ့ ခိုလှုံရာ ကိုးစားသော ဘုရားသခင် ဖြစ်တဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မလို နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ရင်း ဒုက္ခဆင်းရဲ ပြဿနာပေါင်းစုံ ခံစားနေရသော အမျိုးသမီးများရဲ့ ဆုတောင်းသံကို ဘုရားသခင် နားညောင်းတော်မူ၍ ထိုအမျိုးသမီးများကို အတောင်တော် အရိပ်အောက်၌ ကွယ်ကာ ပေးသနားတော်မူပါမည့်အကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။ Ruby

---



## ရပ်တည်ခြင်း Mary (ဖျာပုံ)

ကျွန်မ အထက်တန်းကျောင်းသူ ဘဝကတည်းက ယနေ့ထက်ထိ မေ့လို့ မရနိုင် တဲ့ အဖြစ်အပျက်လေးတစ်ခုပါ။ ကျွန်တို့ သူငယ်ချင်းနှစ်ယောက် နာမည်က တူတယ်။ သူ့အဖေက ဦးကြီးမိုး ဆိုတော့ သူ့နာမည်က မေရီမိုး။ ကျွန်အဖေက ဦးမိုးမြင့်ဆိုတော့ ကျွန်မက မေရီမြင့်ပေ့ါ။ ကျွန်မက အားကစားသမား သွက်သွက်လက်လက် မည်းမည်း ပိန်ပိန် ပါးပါး ပါ။ သူကတော့ အနအရွသမား ဖြူဖြူနုနု မလှုပ်မယှက် ရင်သိမ် တင်ကား၊ လမ်းသွားရင် ဆင်မယဉ်သာလေးနဲ့ပါ။ တစ်နေ့မှာ အတန်းတင် စာမေးပွဲနီးလို့ အချိန်ပို စာသင်ဖို့အတွက် ကျောင်းခန်းကို ကျွန်မတို့နှစ်ယောက် အတူတူ ထွက်လာပေမဲ့ ကျောင်းချိန် နောက်ကျနေလို့ တစ်ယောက်နဲ့ တစ်ယောက် စကား မပြောအားဘဲ ခြေလှမ်း ခပ်သွက်သွက်နဲ့ ဈေးလမ်းမပေါ်က လူတွေကို မတိုက်မိအောင် လျှောက်နေရပါတယ်။ ရုတ်တရက် ရှေ့ကသွားနေတဲ့ ဆရာမ ဝဝကြီးကို မတိုက်မိအောင် ကျွန်မ လျှောက်နေရင်း နဲ့ သူငယ်ချင်း မေရီမိုးကို ဆရာမ ဝဝကြီး ကို တိုက်မိသလားလို့ မေးလိုက်မိပါတယ်။ "ဟဲ့ မေရီမိုး နင် သွားတိုက်မိလား " ဆိုတော့ သူငယ်ချင်းက ငါဒီ မနက် အိပ်ယာထ နောက်ကျလို့ သွား မတိုက်မိခဲ့ဘူးလို့ ပြန်ဖြေပါတယ်။ မေးတာတခြား ဖြေတာတခြား မို့ "ဟဲ့ ငါမေးတာက နင်ဆရာမကို တိုက်မိသလားလို့မေးတာ နင်က ဘာပြန်ဖြေတာလဲ " ဆိုတာ့။ မေရီမိုးက မသိဘူးလေ ဒီလမ်းပေါ်မှာ အသိဆိုလို့ နင်နဲ့ငါ နှစ်ယောက်တည်း ရှိတာ ငါ့စိတ်ထဲမှာ နင်နဲ့က ငါ့အကြောင်းဘဲ ရှိတော့ ငါက နင် ငါ့အကြောင်း မေးတာ ထင်လို့ ငါ့အကြောင်း ငါပြန်ဖြေတာလို့ ပြန်ပြော ပါတယ်။ မေရီမိုးက လူအများကြီးရှိတဲ့ လမ်းပေါ်မှာ အဓိက သူငယ်ချင်း နှစ်ယောက်အပေါ်မှာဘဲ စိတ်ကို ဦးတည်ထားပေမဲ့ ကျွန်မကတော့ ဟိုလူ့ကြည့်လိုက်၊ ဒီလူ့ကြည့်လိုက်နဲ့ ရပ်တည်မှု များနေ၊ မှားနေ ခဲ့ပါတယ်။

Hurry, Worry များတဲ့ လောကမှာ အမြန်လိုမှုတွေ။ စိုးရိမ်မှုတွေ များတဲ့ လောက မှာ စိတ်နဲ့ကိုယ် လွတ်ကာ ကိုယ်လိုရာကို ဦးစားပေး တတ်ပါတယ်။ ရပ်တည်ရမဲ့ အရာကို မေ့လျော့တတ်ကြပါတယ်။ ယော ၁၅း၅ မှာ အကြင်သူသည် ငါ၌တည်လျှင် ငါသည်လည်း ထိုသူ၌ တည်မည်။ ထိုသူသည် များစွာသော အသီးကို သီးတတ်၏ သခင် ခရစ်တော်က ရေမှ စပျစ်ရည် ဖြစ်အောင် ပြောင်းလဲပေးတတ်ပါတယ်။ ကာနမြို့က မင်္ဂလာ ဆောင် စပျစ်ရည်ကို ပြောင်းလဲစေခဲ့တဲ့ ဘုရားဟာ ကျွန်မတို့ကိုလဲ ပြောင်းလဲ စေခဲ့ပါတယ်။ သူ၌တည်နေလျှင် သူ့အားဖြင့် လောကကို မှောက်လှန်နိုင်ခွင့် ပြောင်းလဲနိုင်တဲ့ အခွင့် တန်ခိုးကို ရရှိမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ခရစ်တော်၌ ရပ်တည် သူများ ဖြစ်ခဲ့ပါလျှင် ဘုရား သခင်သည် အောင်မြင်သော အခွင့်ကိုပေးမှာ ဖြစ်တဲ့အတွက် လောကမှာ အသက်ရှင်စဉ် ခန ထိုသခင်၌သာ ရပ်တည် ခိုလှုံတဲ့ သူများဖြစ်နိုင်ကြပါစေဟု - - - Mary (ဖျာပုံ)

---

## သက်သေခံချက် မေသူ(ကံဘဲ့နှစ်ခြင်းအသင်းတော်)

ကျွန်မရေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ စင်ကာပူ ရောက်တာ တစ်နှစ်ကျော်ပါပြီး ဘုရားကျောင်း တစ်ခါမှ မတက်ဖူးသေးပါဘူး။ ဘုရားရှိခိုး ကျောင်းဆောင်ကြီးတွေကို ဖြတ်သွားဖြတ်လာလုပ်ရင်း အပြင်ကနေ အဝေး ကနေ မြင်တွေ့ခဲ့ဖူးပေမဲ့ စင်ကာပူက ဘုရားကျောင်းထဲကို တစ်ခါမှ မရောက်ဖူးတဲ့အတွက် အထဲမှာ ဘာရှိမှန်းတောင် မသိပါပါဘူး။ မြန်မာပြည်မှာတုံးက ဆိုရင်တော့ အပါတ်စဉ် တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း မပျက်မကွက် သွားနေကျဖြစ်သလို၊ ဗုဒ္ဓဟူး ဆုတောင်း စည်းဝေး သောကြာနေ့ သံစုံသီချင်းနဲ့ အပါတ်စဉ်ညနေ အိမ်လှည့် စည်းဝေးတွေမှာ မပျက် မကွက် ပါဝင်ခဲ့ပေမဲ့ စင်ကာပူမှာကတော့ အလုပ်လုပ်နေရတဲ့အတွက် ဘုရားကျောင်း လုံးဝ မတက်ဖြစ်ခဲ့ပါ။ ပွဲတော် မစား ဖြစ်တာလဲ လပေါင်းများစွာ ကြာခဲ့ပြီးမို့ ဘုရားသခင် ကျွန်မကို မေ့သွားပြီလားလို့ စိတ်ထဲမှာ ထင်ခဲ့မိပါတယ်။ မြန်ာပြည်မှာတုံးက ဘုရားကျောင်း တက်နေကျ သူဆိုတော့ ဆန်းဒေးရောက်ရင် ရင်ထဲမှာ မချိအောင် ခံစားရပါတယ်.။ မျက်ရည် ကျပေါင်း မနည်းတော့ပါဘူး။ မြန်မာပြည်မှာတုံးက နယ်မှာ ကျောင်းဆရာမ လုပ်ခဲ့သူ ဆိုတော့ ကလေးတွေကို တနင်္ဂနွေနေ့ရောက်ရင် ဘုရားကျောင်းတက်ဖို့ ကိုယ်တိုင် တိုက်တွန်းခဲ့ဖူးပေမဲ့။ အခု စင်ကာပူမှာ သူများကို တွန်းဖို့ နေနေသာသာ ကျွန်မ ကိုယ်တိုင် ဘုရားကျောင်း မတက်နိုင်ခဲ့ပါ။ ဘုရားကျောင်း တက်ရမဲ့အစား လစဉ် ၁၅ရက် နောက်ပိုင်းရောက်ရင် လစဉ်ထုတ် ဝိညာဉ်ရေးရာစာစောင်လေးဖြစ်တဲ့ သခင့်စကား ကိုဘဲ စာတိုက်ပုံးလေး ဖွင့်ဖွင့်ကြည့်ပြီး မျှော်နေရပါတယ်။ သခင့်စကားထဲက အစ်ကို အစ်မတွေရဲ့ သက်သေခံချက်လေးတွေကို ဖတ်ရင်း ခွန်အားယူရတာ အမြဲပါဘဲ။

အရင်တုံးကတော့ ဘုရားကျောင်းသွား၊ သူများ သက်သေခံတာ၊ တရား ဟော တာ နားထောင် ခဲ့ဖူးပါတယ်။ အခုတော့ ကိုယ်ကိုယ်တိုင်လဲ သက်သေခံဖို့ စိတ်ကူးလေးနဲ့ ဘုရားကျောင်းသွားဖို့ ဆုတောင်းခဲ့ပေမဲ့ ဘုရားသခင်က ဘုရားကျောင်း သွားတက်ခွင့်ရဖို့ အခွင့် မပေးဘဲ။ သခင့်စကား စာစောင်လေးအားဖြင့် အခြားအခြား။ အနယ်နယ် အရပ်ရပ်က စင်ကာပူရောက် ယုံကြည်သူများရဲ့ ကိုယ်တွေ့သက်သေခံချက်များ တရား ဒေသနာများကို စာပေအားဖြင့် ဖတ်ရှုခွန်အားယူခွင့် ပေးခဲ့ပါတယ်။ အခုဆိုရင် ဘုရာကျောင်း မတက်ရလဲ အားမငယ်တော့ပါဘူး။ မျက်ရည်လဲ မကျတော့ပါဘူး။ ရလာတဲ့ သခင့်စကား စာစောင်လေးကို ဖတ်ရှုခွန်အားယူရင်း အခြားသူများကို လက်ဆင့်ကမ်း စာတိုက်မှ ပို့ပေးရင်း ရင်ထဲဖြစ်ပေါ်လာတဲ့ သက်သေခံချက်လေးတွေကို ချရေးရင်း ပျော်နေ မိပါပြီ။ သခင့်စကား ၉နှစ်မြောက်မှာ ဘုရားသခင် ဆထက် ထမ်းပိုးကောင်းကြီးပေးပါစေ။

---



## နှောင်တမျက်ရည် (နန်းရထိုက်(ကနခ))

ဘုရားကျောင်း ခုံလေးပေါ် ငြိမ်သက်စွာ ထိုင်နေရင်း ကိုယ့် ရှေ့မှာ ကမ်းလာတဲ့ ပွဲတော် စပျစ်ရည်ခွက်တွေ အစီအရီတင်ထားတဲ့ လင်ဗန်းလေးကို မြင်လိုက်ရတဲ့ အချိန်မှာ အသိ တရားတွေ ဝင်လာပြီး ပွဲတော်ခွက်ကို တုန်တုန်ရင်ရင်နဲ့ ကောက်ကိုင်လိုက်ပါတယ်။ ကျွန်မ ရင်ထဲမှာလဲ ဖွဲမီးလို တငွေ့ငွေ့ လောင် နေတဲ့ ရင်တွင်းအပူတွေ ကျွမ်းလောင် နေကြ ပါတယ်။ အခြားသူတွေကတော့ ဘုရား ကျောင်း ပလ္လင်ပေါ်မှ သင်းအုပ်ဆရာရဲ့ ပွဲတော် ဆုပဌာနာကို အာရုံစိုက် ဆုတောင်း နေပေမဲ့ အဖ သင်းအုပ်ဆရာရဲ့ ဖြေးညင်းစွာ ထွက်ပေါ် လာတဲ့ ဆုတောင်းသံဟာ ကျွန်မ အတွက် အရမ်းကို ကျယ်လောင်လွန်းပါတယ်။ စိတ်မလုံသူ တစ်ဦး အနေနဲ့ ရင်ထဲမှာ ဆို့တက် လာပြီး မျက်ရည်တွေ ကျလာမိပါတယ်။ ဘယ်လိုမှ ဖြေသိမ့်လို့ မရနိုင်တဲ့ ခံစားမှု။ ဖြစ်နိုင်ရင် ထိုင်နေတဲ့ နေရာကနေ အပြင်ကို ပြေးထွက်ပြီး အားရပါးရ ငိုချလိုက် ချင်မိပါတယ်။ ဒီနောင်တ မျက်ရည်တွေအတွက် ကျွန်မမှာ ဖြေသိမ့် စရာ ဘာမှမရှိပါဘူး။ လူတွေရှေ့မှာ မျက်နာဖုံးစွပ်ပြီး ငါဟာ အပြုံစင်ပါလို့ ဟန်ဆောင် နေခဲ့သမျှ ဒီအချိန်မှာ ကိုယ် သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားကို ကိုယ်တိုင် ပြန်ကြည့်နေရသလို



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၀ ။ အောက်တိုဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခံစားနေရပါတယ်။ တကယ်တော့ ကျွန်မဟာ ဒီကမ္ဘာမြေပေါ် လူဖြစ်စဉ် ခနမှာ ကျွန်မကို လူအဖြစ် ဖန်ဆင်းပေးခဲ့တဲ့ ဘုရားကို မထီမဲ့မြင်ပြုပြီး စိတ်ကြိုက် အသက်ရှင် ခဲ့မိပါတယ်။ ဘုရားကို ယုံကြည် သယောင်နဲ့ လောကီပျော်မွေ့မှု ကာမဂုဏ် ထဲမှာ ပျော်ပါး မိုက်မှားမိခဲ့ပါတယ်။ ဒါ့ကြောင့် အလွန်တရာ မှောင်တဲ့ အမှောင်တကာ့ အမှောင်ထဲကို ကျရောက်မိခဲ့ပါတယ်။ ဒါကို မသိလိုက်ဘဲ ဟုတ်လှပြီ မှတ်ကာ။ (ငါကွ) ဆိုပြီးကြည်နူးနေခဲ့မိတယ်။ ဒါ့ကြောင့် အခုအချိန်မှာတော့ ကိုယ်စိုက်ခဲ့သော အရာကို ကိုယ် ပြန်ရိတ်သိမ်းနေရပါတယ်။ စိုက်တုန်းကတော့ ဟုတ်လှပြီမှတ်တာ။ ပြန်ရိတ်ရတော့မှ မျက်ရည် ပင်လယ် အစင်းပေါင်းများစွာ စီးဆင်းခဲ့ရပါတယ်။ ဘုရားသခင် မကြိုက်တဲ့ အပျိုစင် ဘဝကို ကျွန်မ ညစ်ညူး စေခဲ့ပါတယ်။ တနည်းအားဖြင့် ပြောရရင် ဘဝပျက် ခဲ့ရပါ တယ်။ အခုချိန်အထိ နေ့စဉ်ရက်ဆက် ကြေကွဲခံစားနေရပါတယ်။ ဒီကြေကွဲမှု ဒဏ်ရာ တွေကို နောက်ဆုံးတော့ ဘုရားသခင်ဆီ အကူအညီ တောင်းခံခဲ့ရပါတယ်။ ဘုရား သခင်ကတော့ အပြစ်သားတွေကို အမြဲတမ်း လက်ကမ်းကြိုနေလျှက်ပါ။ အပြစ်သား ဖြစ်တဲ့ ကျွန်မက ဘုရာသခင်ဆီ သွားချင်ပေမဲ့ ရိတ်သိမ်းစရာတွေ ကျန်နေသေးတဲ့အတွက် အပြစ်ရဲ့ အဖိုးအခတွေကို ။ ရိတ်သိမ်းလို့ မပြီးသေးတဲ့အတွက်၊ အပြစ်တရားရဲ့ အမှား အသီးတွေကို နလုံးကြေကွဲစွာ ပူလောင်မှုကို ခံစားရင်း ရိတ်သိမ်းရပါအုံးမယ်။ ဘုရား သခင်က အပြစ်သားတွေအတွက် ဒီလောကမှာ စိုက်တဲ့အတိုင်း မကြာခင် ပြန်ရိတ်သိမ်းရတဲ့ အခွင့်ကို ပေးပါတယ်။ အပြစ်သားဖြစ်တဲ့ ကျွန်မကတော့ ရိတ်ရအုံးမှာပါဘဲ။ မခံနိုင်တဲ့ စုံစမ်းမှုကို မပေးပါနဲ့ ဘုရား တန်ခိုးတော် လက်နဲ့ ကျော်လွှန်ခွင့်ပေးပါ။ အပြစ်သားကို သနားကူညီလျှက် မစပါ။ ဘဝ အသက်တာမှာလဲ ကိုယ်တော်အတွက် ပါဝင် ဆက်ကပ်နိုင်ဖို့ ပါဝင်ခွင့်ပေးတော်မူပါ။ ကျွန်မ ကျသောမျက်ရည်သည် ကျိုးပဲ့ကြေမွသော နောင်တ စိတ်နလုံးမှကျသော မျက်ရည် ဖြစ်သောကြောင့် အပြစ်သားကို သနားလျှက် မစမူပါ။ ၂ကော ၅း၁၇ ။ ။ နန်းရထိုက် (ကနခ)

---

## သက်သေခံချက် (Esther)




ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ရှေးဦးစွာ ချီးမွမ်းပါတယ်။ အခုလို သခင့်စကား စာစောင်မှာ ရေးသားသက်သေခံခွင့် ရတဲ့အတွက် အထူးဘဲ ကျေးဇူးတင်မိပါတယ်။ ကျွန်မ မြန်မာပြည်ကနေ စင်ကာပူကို ၉-၀၉-၀၉ မှာ လာခဲ့ပါတယ်။ လေဆိပ်မှာ သိတဲ့ အသိ လေးယောက်နဲ့ အတူတူ လာခဲ့ပါတယ်။ မြန်မာပြည်လေဆိပ်မှာ သူများလူကြုံ ပစ္စည်း ပါးလိုက်တာက အိတ်ကြီးနဲ့ ၂အိတ်ဆိုတော့ ကျွန်မတို့ အိတ်တွေအားလုံး လေယာဉ် ကုန်တင်ခန်းထဲ ထဲ့လိုက်ပါတယ်။ ညနေ ၅နာရီခွဲမှာ စင်ကာပူကို ရောက်လာခဲ့ကြပါတယ်။ အသိတွေက အိတ်တွေ သွားရွေးကြမယ်ဆိုပြီး သွားတာ သူတို့ လေးယောက်ရဲ့ အိတ်နဲ့ လူကြုံပါးတဲ့ အိတ်၂ အိတ်ကရှိနေပြီး ကျွန်မ အိတ်ဘဲ ပျောက်နေပါတယ်။ ကျွန်မကို လာကြိုတဲ့ သူတွေလဲ ဆယ်ခါမက ဟိုမေး ဒီမေးနဲ့ လိုက်ရှာကြပါတယ်။ ဒါပေမဲ့ ရှာလို့ မတွေ့ဘဲ ပျောက်သွားခဲ့ပါတယ်။ ကျွန်မ စင်ကာပူကို မှန့် ၂ ထုတ်၊ ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ်တစ်စုံနဲ့ဘဲ လာခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်မ လုံးဝ စိတ်မညစ်ဘူး။ ဝမ်းလည်း မနည်းခဲ့ပါဘူး။ ဘုရားရှင်က ကျွန်မကို ခံနိုင်ရည်ပေးပါတယ်။

ဘုရားရှင်ဟာ အရမ်းကို ကောင်းမြတ်ပါတယ်။ ကျွန်မနဲ့ တစ်ခါမှ မသိဖူးတဲ့ မြန်မာပြည်က လာတဲ့ သူတွေက တောင်းစရာ မလိုဘဲ တစ်ယောက်ပြီးတစ်ယာက် ကျွန်မကို အင်္ကျီတွေ လာ ပေးကြပါတယ်။ အဝတ်လျှော်ဖို့က အစ ပေးပါတယ်။ ပွဲစားက သွားတိုက်ဆေးတံပါ ဝယ်ပေးပါတယ်။ ကျွန်မ ပွဲစားအိမ်မှာ တစ်ညအိပ်ပြီး နောက်နေ့မှာ အိမ်ရှင်က လာခေါ် ပါတယ်။ အိမ်ရှင်အိမ်မှာ အရင်လုပ်ဖူးတဲ့ ကောင်မလေးနဲ့ ကျွန်မ အတူ သုံးရက် နေရပါတယ်။ သူကလဲ ကျွန်မ လိုအပ်တဲ့ အရာနဲ့ လုပ်ရမဲ့ အလုပ်တွေကို သင်ပေးပါတယ်။ ကျွန်မ အိမ်ရှင်ကလဲ ကျွန်မ လိုအပ်မယ်လို့ သူထင်တာ အားလုံးကို ဝယ်ပေးပါတယ်။ ဒီအချိန်မှာ ကျွန်မ ဘယ်လို ခံစားရသလဲဆိုရင် ဘုရားရှင်ဟာ ကျွန်မတို့ ပိုင်ဆိုင်တယ်လို့ ထင်ထားတဲ့ အရာအားလုံးကို ကျွန်မတို့ မပိုင်ကြောင်း (အိတ်ပျောက်သွားကြောင်း) နဲ့ သုည ဘဝ (ဘာမှ မရှိတဲ့ ကျွန်မ) ကနေ လိုအပ်တဲ့ အရာအားလုံးကို သူဖြည့်ဆည်းပေးနိုင် ကြောင်း သက်သေပြခဲ့ပါတယ်။

ကျွန်မ ရန်ကုန်မှာနေတုံးက ခြေဖမိုးနဲ့ ဘယ်ဘက် လက်မမှာ အနာပေါက် ပါတယ်။ စင်ကာပူ ရောက်တော့ အဲဒီအနာကို ဘယ်လို ဖုံးဖုံး ဖုံးလို့ မရပါဘူး။ ကျွန်မ အိတ်ထဲမှာ အနာလိမ်းဖို့ ဆေးနဲ့ သောက်ဆေးတွေ ထည့်လာပေမဲ့ အိတ်က ပျောက်သွား တဲ့ အတွက် ကျွန်မ ကြံရာမရဘူး ဖြစ်နေပါတယ်။ ဒါပေမဲ့ မကြာခင်မှာ ဘုရားရှင်ဟာ ကျွန်မ ဆေး တစ်လုံးမှ သောက်စရာမလို၊ လိမ်းစရာ မလိုဘဲ ပျောက်အောင် လုပ်ပေးခဲ့ပါတယ်။ (ဟာလေလုယာ) ဒါ့ကြောင့် ကျွန်မတို့ ဘယ်လို အခက်အခဲတွေ တွေ့ကြုံနေရပါစေ။ ကျေးဇူးတော် ချီးမွမ်းတတ်သောသူ အယောက်တိုင်းဖြစ်ဖို့ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ Esther (Kalay)

---

## သက်သေခံချက် (သမီးလေး)

သို့ ဖေဖေ့ ထံသို့

ကျွန်မ ဘဝမှာ ဖေဖေဟာ စံနမူနာ ထားရမဲ့ သူပါ။ မိသားစု လေးယောက်သာ ရှိသူမို့ သမီးကြီး ဖြစ်တဲ့ ကျွန်မကို ဖေဖေပိုချစ်ခဲ့ပါတယ်။ ဘာဘဲလုပ်လုပ်၊ ဖိုးမူနော် သမီးဘဲ ကြည့် လုပ်လိုက်။ ကောင်းသလို စီစဉ်လိုက်။ ဖေဖေ့ကို မမေးနဲ့။ ဒါမှ သမီးလုပ်တတ်မှာ၊ လို့ အမြဲပြောခဲ့ပါတယ်။ ဖေဖေက စိုက်ပျိုးရေး ဝါသနာ ပါသူမို့ ခြံထဲမှာ ရာသီပေါ် အပင် တွေနဲ့ မွေးမြူထားတဲ့ တိရိစ္ဆာန်တွေကြောင့် ဖေဖေ့မှာ နားချိန်ဆိုတာ မရှိသလောက်ပါဘဲ။ ဒီကြားထဲ တနင်္ဂနွေ မနက်ဆိုရင် မောင်နှမ နှစ်ယောက်ကို စက်ဘီးလေးနဲ့ ဘုရားကျောင်း လိုက်ပို့ပေးပါတယ်။ ဖေဖေက မယုံကြည်သူ ဆိုပေမဲ့ မေမေနဲ့ ကျွန်မတို့ မောင်နှမတွေကို ဘုရားကျောင်းသွားအောင် အမြဲတိုက်တွန်းအားပေးခဲ့ပါတယ်။ ည အိပ်ယာ ဝင်တိုင်းလဲ ဆုတောင်း ခိုင်းပါတယ်။ ဘုရားကျောင်းက ကျမ်းစာပြိုင်ပွဲ သီချင်းဆို ပြိုင်ပွဲတွေမှာ အမြဲပြိုင်ခိုင်းပြီး ဆုရတဲ့ ကျွန်မကို ပြုံးပြုံးကြီး ကြည့်နေတတ်တဲ့ ဖေဖေ့ မျက်နှာကို ကျွန်မ မမေ့ခဲ့ပါဘူး။ ဒီလိုနဲ့ တစ်နေ့မှာ သင်းအုပ်ဆရာက အိမ်ကို ရောက်လာပြီး ဖေဖေ့ကို ကိုကျော်ဝင်း ခင်ဗျား နှစ်ခြင်း မခံချင်ဘူးလားလို့ မေးပါတယ်။ ဖေဖေက အားရပါးရနဲ့ ဒီနှစ် ကျွန်တော် နှစ်ခြင်း ခံချင်တယ်ဗျာလို့ ပြန်ပြောပါတယ်။ ကျွန်မကလဲ ဖေဖေ သမီးလဲ ဒီနှစ် နှစ်ခြင်းခံ ချင်တယ် ရလား လို့မေးတော့ ဖေဖေက ဆရာ့ကို မေးကြည့်တဲ့ ဆရာကလဲ ရတာပေါ့လို့ ပြန်ဖြေပါတယ်။ ကျွန်မ အရမ်းပျော်သွားပါတယ်။

မေမေဆိုရင် အဲဒီနေ့က အရမ်းပျော်လွန်းလို့ ဖေဖေကြိုက်တဲ့ မုန့်ဟင်းခါးကို ကိုယ်တိုင်ချက်ကျွေးပြီး ဖေကြီး ရှင် တကယ်နှစ်ခြင်းခံမှာ သေချာတယ်နော် လို့ မယုံတဝက် ယုံတဝက်နဲ့ မေးခဲ့ပါတယ်။ ဖေဖေက အေးပါ ငါ တကယ် နှစ်ခြင်းခံမှာပါ။ ငါ့သမီးနဲ့ အတူ နှစ်ခြင်းခံမှာပါ။ လို့ ပြန်ဖြေပါတယ်။ အဲဒီနှစ်က ၁၉၉၆ ခုနှစ်၊ ကျွန်မ ၈ တန်းကျောင်းသူ ဘဝပါ။ သားအဖ နှစ်ယောက် အတူတူ တစ်ရက်တည်း နှစ်ခြင်း ခံခဲ့တာ အခုထိ မမေ့ပါဘူး။ ဖေဖေဟာ ကျွန်မတို့ မောင်နှမကို ဆုံးမတဲ့ အခါတိုင်းမှာ သမီး ဒုက္ခရောက်တိုင်း၊ ဝမ်းနည်းစရာတွေနဲ့ ကြုံတွေ့တိုင်း၊ ဆုံးရှုံးတဲ့အခါတိုင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ အခါတိုင်း၊ ဆုတောင်းတိုင်း ကျေးဇူးတော် ချီးမွမ်းဖို့ ပြောခဲ့ပါတယ်။ ဖေဖေဟာ ကျွန်မတို့ မိသားစုအတွက်တော့ အနိုင်းမဲ့ပါဘဲ။ ကျွန်မလဲ ဖေဖေ ပြောထားတဲ့အတိုင်း ဖေဖေနဲ့ မေမေကို သတိရရင် ဆုတောင်း ကျမ်းစာဖတ်ပါဆိုလို့ သတိရစိတ် ဖြစ်ပေါ်လာရင် ဆုတောင်း ကျမ်းစာဖတ်ရင်း စင်ကာပူမှာ ခန အလုပ်လုပ်နေစဉ်မှာ လွမ်းတဲ့စိတ်ကို ဖြေဖျောက် နေရပါတယ်။ ဖေဖေ ကျွန်မကို ကျမ်းပိုဒ်လေးတစ်ခုနဲ့ စာရေး ခွန်အား ပေးခဲ့ပါတယ်။ ကျွန်မလို နိုင်ငံခြားရောက် မိဘနဲ့ ဝေးကွာပြီး အလုပ်လုပ်နေတဲ့ သူတွေကို ခွန်အားပေးလိုတာကတော့ ဖေဖေ ပေးလိုက်တဲ့ ကျမ်းပိုဒ်လေးပါဘဲ။ ဒါကတော့ ဆာလံ ၁၂၁ ပါဘဲ။ ဒီကျမ်းပိုဒ်လေးကို ဖေဖေ ပေးခဲ့တာမို့ ဖေဖေနဲ့အတူ ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ထာဝရ ချီးမွမ်းနေပါတယ်။ ။ သမီးလေး

---

## သက်သေခံချက် (အမည်မဖော်လိုသူတစ်ဦး)

လူ့လောကသို့ ရောက်ရှိလာတဲ့ လူသားတိုင်းမှာ အတိတ်ဆိုတဲ့ ဘဝ ရှိသလို ကျွန်မမှာလဲ မလှပ တဲ့ အတိတ် ပန်းချီကားချပ် တစ်ချပ် ရှိခဲ့ပါတယ်။ အဲဒီ မလှပတဲ့ ပန်းချီ ကားချပ်လေးကို အခုအချိန်မှာ ပြန်လည် မြင်ယောင် စဉ်းစားမိရင်း တသွင်သွင် စီးကျလာတဲ့ နောင်တ မျက်ရည်တွေကို သုတ်ရင်း ဘုရာသခင်ဆီ တိုးဝင် အသနားခံခဲ့မိပါတယ်။ အရွယ် ရောက်လာတဲ့ ဘဝမှာ အချစ်ဆိုတဲ့ အရာကို ကျွန်မ စူစမ်းပြီး လက်တွေ့ အကောင် အထည် ဖော်ခဲ့မိပါတယ်။ အသွင်မတူ။ မယုံကြည်သူ တစ်ဦးနဲ့ ချစ်ကျွမ်းဝင်ရင်း ကျွန်မ ချစ်သူနဲ့ ပျော်ရွှင်ကြည်နူးမိခဲ့ပါတယ်။ မိဘမောင်ဘွားတွေ သိသွားပြီး ဘာသာ မတူသူနဲ့ မချစ်ဖို့ ဆုံးမ တားမြစ်ပေမဲ့ ငယ်ရွယ်သူမို့ အချစ်ကို ကိုးကွယ် ရှေ့တန်းတင်မိတဲ့ ကျွန်မ ဟာ လူကြီး မိဘတွေ ဆုံးမ စကားကို နားမထောင်ဘဲ ချစ်သူ(ကို) နဲ့ တိုးပြီး ချစ်ခဲ့မိ ပါတယ်။ ဆိုဆုံးမတဲ့ စကားကို နားမထောင်တဲ့ ကျွန်မကို တားမရတဲ့ မိဘတွေက ကျွန်မ မျက်နှာ မငယ်ရအောင် ထိမ်းမြားဆောင်နှင်းခြင်း ဝတ်ကို ပြုပေးခဲ့ပါတယ်။ ဒါပေမဲ့ ကျမ်းစာ ထဲက ၂ကော ၆း၁၄-၁၈ မှာ မယုံကြည်သောသူတို့နှင့် တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်။ --- - - ။ လို့ ဘုရားသခင်က ပြောထားတယ် ဆိုတဲ့ ဖေဖေ့ ဆုံးမ စကား ။- - - - ။ အဲဒီတုံးကတော့ ကျွန်မ နားထဲမှာတော့ ခါးသမှ ခါးလွန်းလှပေါ့ရှင်။

ဒီလိုနဲ့ နေထိုင်လာရင်း ဘုရားမကြိုက် မိဘ မောင်ဘွားတွေ သဘော မတူတဲ့ ခရီးမို့ ကျွန်မတို့ အိမ်ထောင်ရေးမှာ ကတောက်ကဆတွေ ဖြစ်ခဲ့တာပေါ့ရှင်။ အိမ်ထောင် သက်တမ်း ၂ နှစ်ပြည့်မှာ သမီးဦးရတနာကို ဘုရားသခင်ပေးခဲ့ပါတယ်.။ အစတုံးက သိပ်ချစ် ခဲ့ကြလို့ ဘာပြသနာမှ မဖြစ်ခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ဒီယုံကြည်ကိုးကွယ်မှုနဲ့ ပါတ်သက်ပြီး စကားများခဲ့ကြရပါတယ်။ ချစ်သမီးလေး ၃နှစ်ပြည့်ချိန်မှာ Sunday school ကိုပို့ပြီး ထိန်းကျောင်းခဲ့ပါတယ်။ ဒါကို ယောက္ခမက သိသွားပြီး သူ့ရဲ့သား ဖြစ်တဲ့ ကျွန်မ ယောက်ျားကို ဘာပြောလိုက်သလဲ မသိပါ။ အဲဒီ အချိန်က စပြီး ကျွန်မတို့ လင်မယား ကြားမှာ လူမသိ သူမသိ တိတ်တဆိတ် စကားများ ရန်ဖြစ်ခဲ့ကြရပါတယ်။ ကျွန်မနဲ့



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၁၀ ။ အောက်တိုဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ယောက္ခမ ကြားမှာ ဗျာများခဲ့ရသူကတော့ ချစ်သူ(ကို)ပေ့ါ။ ကျွန်မရဲ့ တစ်ထွာသာသာ အသိဉာဏ်လေးကြောင့် ကျွန်မ သမီးလေး မယုံကြည်သူ ဖြစ်ရတော့မယ်။ အဲဒီ အတွေး တွေနဲ့ ကယောင်ခြောက်ခြား ဖြစ်ပြီး ညတိုင်း အိပ်မပျော်ဖြစ်ခဲ့ရပါတယ်။ နောက်မှ သိခဲ့ ရတာက မယုံကြည်သူ ယောကျ်ားတွေဟာ မိန်းမ စကားထက်၊ အမေ စကားကို ပို နားထောင် တယ်ဆိုတာရယ်။ မွေးလာတဲ့ ကလေးမှာ သမီးထက် သားကို ပို ဦးစား ပေး တယ် ဆိုတာ သိခဲ့ရပါတယ်။

နောက်ဆုံးတော့ ထာဝရ ဘုရားသခင်ထံ အပြစ်ဝန်ချတောင်းပန်ပြီး ကျွန်မ ဘယ်လို ရှေ့ဆက်လျှောက်လှမ်းရမလဲ ဆိုတာ လမ်းပြပေးမှုပါလို့ နောင်တနဲ့ ဆက်ကပ်ခဲ့ ရပါ တော့တယ်။ နောက်ဆုံးတော့ ယောက္ခမရဲ့ ထိုးနက်မှုအောက်က ရုန်းထွက်၊ သူရဲဘော ကြောင်ပြီး မပြတ်သားတဲ့ ချစ်သူ(ကို)ကို ကျောခိုင်း။ မယုံကြည်သူ အသိုင်းအဝိုင်းကို ပစ်ပယ်ပြီး ချစ်သမီးလေးလက်ကို ဆွဲကာ ကျွန်မကို အမြဲခွင့်လွှတ်၍ ထာဝရ ချစ်သော မိဘမောင်ဘွား နဲ့ ယုံကြည်သူ အသင်းတော် ရင်ခွင်ထဲ ပြန်ဝင်ခဲ့ပြီး စင်ကာပူကို ကျွန်မ ထွက်လာ ခဲ့ရပါတော့တယ်။ အခုတော့ ကိုယ်စိုက်တဲ့အတိုင်း ကိုယ်ပြန်ရိတ်ဖို့ ဘုရား မကြိုက် မိဘစကားကို နားမထောင်ခဲ့တဲ့အတွက် လူတကာ အထင်သေးတဲ့ တစ်ခုလပ် ဘဝကို ပိုင်ဆိုင်ရင်း သမီးလေး ရှေ့ရေးအတွက် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ရင်း အထီးကျန်စွာ ရုန်းကန်နေရပါတော့တယ်။ ဒီစင်ကာပူကို ရောက်တော့ ချစ်သမီးလေးကို သတိရရင်း မျက်ရည်များနဲ့ အဖော်ပြုနေရပါတယ်။ တချိန်က မိဘစကားကို နားမထောင်ခဲ့တဲ့ ကျွန်မဟာ အခုလို ကိုယ်တိုင် မိခင်ဖြစ်လာတဲ့အချိန်မှာ မိဘတွေရဲ့ ဘဝကို ကိုယ်ချင်းစာနာ တတ်လာခဲ့မိပေမဲ့ အရမ်းကို နောက်ကျသွားခဲ့ပါပြီ။ သမီးလေးကို အလွမ်းပြေစေဖို့ စင်ကာပူက သူဌေးအိမ်မှာ ကျွန်မ သမီးလေးနဲ့ ရွယ်တူဖြစ်တဲ့ သူဌေး သမီး သုံးယောက်ကို ထိန်းကျောင်းရတဲ့ အလုပ်ကို ကျွန်မ လုပ်နေရပါပြီ။ စင်ကာပူ ရောက်နေတဲ့ လူငယ်လူရွယ်တွေလဲ ချစ်သူ ကြင်သူ အိမ်ထောင်ဘက် ရွေးချယ်ရာမှာ ကျွန်မလို မမှားမိစေဖို့ ရင်ထဲက နောင်တ တရား ကြီးစွာ၊ မျက်ရည်များစွာနဲ့ ဒီသက်သေ ခံချက်လေးကို ရင်နာနာနဲ့ ရေးသားလိုက်ပါတယ်။ ။ အမည်မဖော်လိုသူတစ်ဦး

---



## သက်သေခံချက် (MMS)

သခင့်စကား စာစောင်မှာ ရေးသား သက်သေခံခွင့် ရလို့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သင့် မိဘ နှစ်ပါးကို သင စိတ်နာဖူးပါသလား။ ကျွန်မ ကတော့ အကြိမ် ပေါင်း များစွာ စိတ်နာဖူးပါတယ်။ ကျွန်မ ဘဝမှာ ပျော်ပျော်ရွှင်ရွှင် မနေရတဲ့ အခါ။ လိုချင်တာ မရတဲ့အခါ။ သူများ မိသားစုတွေလို မိစုံဖစုံနဲ့ မနေရတဲ့အခါကျရင် မိဘ နှစ်ပါး ကို စိတ် အနာကြီး နာခဲ့ဖူးပါတယ်။

ကျွန်မတို့က ဟိုး- ရှမ်းပြည်မြောက်ပိုင်း လူမရောက် သူမရောက် တောင်ပေါ် ရွာလေးမှာ နေပါတယ်။ လမ်းပန်းသွားလာရေး အရမ်းခက်ခဲ၊ ဆက်သွယ်ရေး စံနစ် လုံးဝ မရှိတဲ့ မြို့နဲ့ ဝေးလံခေါင်သီတဲ့ တောရွာလေးပေ့ါ။ ရွာသားတွေအားလုံး လယ်လုပ်ပြီး အသက် မွေးကြပါတယ်။ ကျွန်မတို့ မိသားစု အပါအဝင် အိမ်ခြေ ၂၀ လောက်ဘဲ ရှိပါတယ်။ ငယ်စဉ်က ကျွန်မတို့ ဘဝဟာ ကြမ်းတမ်းလွန်းလို့ အခုအချိန်မှာ ပြန်တွေးမိတိုင်း မျက်ရည် ကျရပါတယ်။ မောင်နှမ ၆ယောက်၊ မိဘ နှစ်ပါး၊ အဘွား နဲ့ ကျွန်မတို့ မိသားစုဟာ အရမ်းဘဲ ဆင်းရဲခဲ့ပါတယ်။ အရင်တုံးက ကျွန်မတို့ ရွာမှာ ကျောင်း မရှိပါဘူး။ အခုလဲ မူလတန်းလွန် အထိဘဲ ရှိပါတယ်။ အဲဒီတုံးက ကျွန်မတို့ ရွာမှာ ကလေးတွေ ရန်ကုန်တက်ပြီး ကျောင်းတက်တာ သိပ် ခေတ်စားပါတယ်။ မိဘတွေက သိပ်ဆင်းရဲလို့ လယ်ခွန် ယာခွန်တောင် မပေးနိုင်ဘဲ ပြောင်းဖူးနဲ့ ဆန် ရောစားနေရတဲ့အချိန်မှာ ကျွန်မတို့ မောင်နှမတွေ ရန်ကုန်ကို ကျောင်းသွားတက်ချင်လို့ မိဘကို ပူဆာ ကြပါတယ်။ ကျွန်မ တို့က ပညာတတ်ကြီးဖြစ်ချင်လို့ စာသင်ချင်လို့ ရန်ကုန်သွားဖို့ မိဘတွေကို ပူဆာပါတယ်။ ရန်ကုန်သွားးရမဲ့ စရိတ်ကလဲ နည်းမှ မနည်းဘဲကိုး။ မိဘတွေက စာလဲ မရေးတတ်၊ မဖတ်တတ် ပါဘူး။ ဗမာ စကားတောင် မပြောတတ်ပါဘူး ။ ရွာက တိုင်းရင်းသား စကားဘဲ ပြောတတ်ကြတာပါ။ အဖေနဲ့ အမေကတော့ ဆုတောင်းပါ။ ဘုရားသခင် တတ်နိုင် ပါတယ်တဲ့။ မိသားစုတွေ ဝိုင်းဆုတောင်းကြပါတယ်။ ဘုရားသခင် တကယ်ရှိပါတယ်။ ၂ လ တိတိပြည့်တဲ့နေ့မှာ ရန်ကုန်သွားဖို့ အကြောင်းဖန်လာပါတယ်။ ရှိတဲ့ ပိုက်ဆံလေးနဲ့ ကျွန်မတို့ ညီအစ်မ သုံးယောက် ရန်ကုန်ကို မျက်စိ သူငယ် နားသူငယ် နဲ့ ရောက်လာခဲ့ကြပါတယ်။ ကျွန်မက ၆နှစ်။ အစ်က ၈နှစ်။ အစ်မကြီး ၁၁ နှစ်ပေ့ါ။ အဲဒီတုံးက ရန်ကုန်မှာ ကျောင်းတက်တာ လွယ်လွယ်လေးလို့ ထင်ခဲ့မိပေမဲ့ တကယ်တန်းကျတော့ သူများအိမ်မှာ နေ။ သူများကျွေးတာ စား။ သူများခိုင်းတာ လုပ်ပြီး ကျောင်းတက် ရတယ်ဆို တာ နောက်မှ သိခဲ့ရပါတယ်။ ဒါတွေကို ကြိုတင်သိနေတဲ့ မိဘ နှစ်ပါးကတော့ ရင်ထဲမှာ ပူလို့ပေ့ါ။ ရန်ကုန်သွားမဲ့နေ့ ကားဂိတ်ကို အမေဟာ မျက်ရည် လည်ရွှဲနဲ့ လိုက်ပို့ခဲ့ပါတယ်။ အဖေ့ကို မမြင်ရပါ။ နောက်မှ သိရတာက အဖေဟာ သူ့ သမီး သုံးယောက် ဖြစ်တဲ့ ကျွန်မတို့အတွက် မီးဖိုချောင်မှာ ဒူးထောက် ဆုတောင်း ပေးနေသတဲ့ လေ။

ရန်ကုန်ရောက်တုံးကလဲ ကျွန်မတို့ ညီအစ်မ သုံးယောက် တစ်ကောက် တစ်ကွဲစီ နေခဲ့ရပါတယ်။ အစ်မ နှစ်ယောက်က ပညာကို ၄ တန်းနဲ့ ၇တန်းအထိဘဲ သင်ပြီး ဆက်မနေနိုင်တော့လို့ ရွာပြန်သွားတယ်။ အစ်မဆို လက်ထဲမှာ မီးလောင်ဖုကြီးနဲ့ပေ့ါ။ ဘဝ ကို စိတ်နာလွန်းလို့ ကျွန်မတို့ ညီ အစ်မတွေ ဖက်ကြီး ငိုခဲ့ရတာ ကိုယ်ခန္ဓာ ထဲက ရေ ဓါတ်တွေ ကုန်သွားပြီလားလို့တောင် ထင်မိခဲ့ပါတယ်။ ကျွန်မကတော့ မိဘ နဲ့ ဘဝကို စိတ် နာလွန်း အားကြီးလို့ ဆယ်နှစ်ဆယ်မိုးအထိ သူများအိမ်မှာ ကျွန်ခံခဲ့ပြီး ဆယ်တန်း အောင်တဲ့ အထိ ပညာသင်ခဲ့ပါတယ်။ နောက်တော့ ဘွဲ့ရတဲ့အထိ ပညာ ဆက်လက် ဆည်းပူး နိုင်ခဲ့ပါတယ်။ ကျောင်းပိတ်ရက် ရွာပြန်တော့လဲ အဖေက ကျွန်မတို့ ညီအစ်မ တွေကို ပေါက်တူး ပေါက်ခိုင်း။ ပျိုးနှုတ်ခိုင်း ပါတယ်။ တစ်ခါတစ်လေ တောထဲထိ ကျွဲပျောက် လိုက်ရှာတာ တစ်ကိုယ်လုံး ဆူးခြစ်ရာတွေနဲ့ ပွန်းပဲ့ရှနခဲ့ရပါတယ်။ မြို့ပေါ်က သူများ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာသင်တာကို မြင်ရတော့ ဩော် ငါတို့များ သူများ ခိုင်းတာ လုပ်ပြီး ပညာသင်ရတယ်။ ပညာစုံ ရွာပြန်တော့လဲ ပင်ပင်ပန်းပန်းပန်း လယ်အလုပ် ပြန်လုပ်ရတယ်ဆိုတဲ့ အတွေးနဲ့ မိဘကို စိတ်နာခဲ့ပြန်ပါတယ်။ အဖေဟာ ကျွန်မတို့ကို ဘယ်တော့မှ ညင်ညင်သာသာ မဆုံးမပါဘူး။ အမြဲတမ်း ခက်ခက်ထန်ထန်နဲ့ အော်ဟစ် ငေါက်ငေါ တတ်ပါတယ်။ ကျွန်မတစ်သက် အဖေ ဟက်ဟက်ပက်ပက် ရယ်တာ တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး။ သူ့ပြောစကား နားမထောင်ရင် တုတ်ကျိုးအောင် ရိုက်တတ်ပါတယ်။ ကျွန်မတို့ မောင်နှမတွေဟာ အဖေ့ကို ဆိုရင် ကြောက်စရာ သတ္တဝါ အဖြစ် တွေးထင်မိခဲ့ပါတယ်။ အခုတော့ အဖေလဲ အိပ်ယာထဲ လဲနေတာ ၅နှစ်လောက် ရှိခဲ့ပါပြီ။ အရင်ကလို မအော် မငေါက်နိုင်တော့ပါဘူး။ အလုပ်လဲ မလုပ်နိုင်တော့ပါဘူး။ တစ်ခါ တစ်လေ ကျွန်မတို့ ရွာပြန်ရင် အိပ်ယာထဲလဲ နေတဲ့ အဖေဟာ ကျွန်မတို့ လက်ကိုကိုင်ပြီး ငိုရှာပါတယ်။ သမီးတို့အတွက် အဖေ ဘာမှ မပေးနိုင်ဘူးတဲ့။ အဖေ ဆုံးမတဲ့ စကားက နိမ့်ချခြင်းရှိပါ။ ဆယ်ဖို့ တစ်ဖို့ အမြဲ ထားပါတဲ့။ အဖေဆိုရင် ဆယ်ဖို့ တစ်ဖို့ ထားခဲ့လို့ ဒီလောက် ဆင်းရဲတွင်း နက်ခဲ့တာတောင် တစ်ခါမှ ထမင်း တစ်နပ်မှ မငတ်ခဲ့ဘူးတဲ့။ အဖေ က ကျွန်မတို့ကို ပစ္စည်းဥစ္စာ ရွှေငွေတွေ အမွေ အဖြစ် မပေးနိုင်ခဲ့ပေမဲ့ လောက ထဲက သူစိမ်း သူရံစာတွေကြားမှာ ရဲရဲဝံ့ဝံ့ တစ်ယောက်တည်း နေထိုင် ရင်ဆိုင် ဖြေရှင်း လုပ်ကိုင် နေထိုင်တတ်ဖို့ ခွန်အား သတ္တိတွေ ပေးခဲ့ပါတယ်။ ဒါဟာ ဘာနဲ့မှ လဲလို့ မရတဲ့၊ ဟိုးတောင်ပေါ် ခေါင်ခေါင်က တိုင်းရင်းသား ပညာမတတ်တဲ့ ဖေဖေ့ရဲ့ သားသမီးတွေအတွက် မေတ္တာဘဲ ဖြစ်ပါတယ်။ ဖေဖေက ပညာ မသင်ဖူးတဲ့ အတွက် သားသမီးတွေကို ညင်ညင်သာသာ မဆုံးမ တတ်ပေမဲ့ ရင်ထဲက သူ့သားသမီးတွေကို သိပ်ချစ်ခဲ့ ပါတယ်။ အိပ်ယာထဲ တုံးလုံးလဲ ဖျားနာ နေမကောင်းတာတောင်မှ ဒူးထောက်ရင်း သားသမီးတွေ အတွက် ဆုတောင်းပေးနေလျှက်ပါ။ တောသား သူဆင်းရဲကြီး ဖေဖေ့ ဆန္ဒက သူ့သားသမီးတွေထဲမှာ တစ်ယောက်ယောက်က ဘုရား အမှုတော်ဆောင်ရင် ကောင်းမှာဘဲလို့ ဆန္ဒဖြစ်ခဲ့ဖူးသတဲ့၊ ဖေဖေ့ ဆုတောင်းပြည့်ခဲ့ပါတယ်။ အစ်မကြီးက ဘုရား အမှုတော်ဆောင်ရင်း ဖေဖေ့ကို ပြန်လည် ပြုစုနိုင်ခဲ့ပါတယ်။ မိဘတွေက ကိုယ့်လောက် ပညာ သင်ချင်မှ သင်ရမယ်။ ကိုယ့်ထက် တော်ချင်မှ တော်မယ်။ ဒါပေမဲ့ မိဘက မိဘ ပါဘဲ။ သားသမီးတိုင်းကို တန်းတူချစ်တဲ့ မိဘတွေကို စိတ်နဲ့တောင် မပြစ်မှားဘဲ နားလည်ပေးပါ။ ဘုရားကောင်းကြီးကို သင်ခံစားရမှာပါ။ မိဘရဲ့မေတ္တာက ဘာနဲ့မှ အစားထိုးလို့ မရပါဘူး။ မိဘ မေတ္တာသာလျှင် အနွေးထွေးဆုံးပါ။ ။ MMS (ရှမ်းမြောက်- လားရှိုးမြို့)

---

## သေချာသော မနက်ဖြန် ( Blessing Rain)

ငါ့ကို မစခြင်း အကြောင်းသည် ပေါ်ထွက်ရသော တောင်ရိုးသို့ ငါမျှော်ကြည့်၏။ ဆာလံ ၁၂၁:၁

ထာဝရဘုရားကို ကျေးဇူးတင်ပါတယ်။ ကျွန်ုပ် စလုံး ကို ရောက်လာတာ စာအုပ် သက်တမ်း ကုန်ဆုံးချိန် အထိ ဖြစ်လာပါပြီ။ ကျေးဇူးတော်ကြောင့်သာ ဒီနှစ်တွေကို ဖြတ်သန်း လာနိုင်ခဲ့တာပါ။ ကျွန်ုပ် လကုန်တိုင်း လစာ ရပါတယ်။ ဒီလို လကုန်တိုင်းလဲ လက်ထဲမှာ လစာ တစ်ပြားမှ မကျန်ပါဘူး။ အခွန်ဆောင်ချိန် နီးလို့ သူငယ်ချင်းများက မေးကြပါတယ်။ ဘယ်လိုများ စီစဉ် ပြီးပြီလဲပေ့ါ။ ကျွန်ုပ်လဲ ပြင်ဆင်ထားတဲ့ စိတ်အတိုင်း ဖြေလိုက်ပါတယ်။ ဒါ ဘုရားရှင် အလုပ်။ ငါ မသိဘူး။ ပိုက်ဆံလဲ မရှိဘူး။ အချိန်တန်ရင် သူ ပြင်ဆင်ပေးမှာပေ့ါ လို့။ ကျွန်ုပ်လဲ လူသားဘဲလေ။ အချိန် နီးလာလေ။ စိတ်ပူ လာလေပေ့ါ။ ဘုရားရှင် များမေ့နေမလားပေ့ါ။ ထူးထူးခြားခြား ဆက်ကပ် ဆုတောင်းပါတယ်။ သူငယ်ချင်း လဲ ဆုတောင်းပေးပါတယ်။ ကျွန်ုပ် သတိရတိုင်း ဘုရားရှင်ကို ဒါဘဲ ပြောနေမိတယ်။ အကြွေးတွေ ဆပ်နေရတာလဲ မောနေပြီ။ ကိုယ်တော် အလိုတော် ရှိရင် အကြွေးတွေ မဆပ်ပါ ရစေနဲ့ တစ်ပြိုင်တည်းမှာဘဲ ဖုန်းက သုံးမရတဲ့ အဆင့်ကို ရောက်နေပြီ။ ဖုန်း အသစ်လဲ လိုချင်တယ်။ ဘုရားကတော့ ဟောထားပြီးသားဘဲ။ ၁၄-၆-၁၉ မှာ ဘုရားရှင် ပြင်ဆင်ပေးခဲ့ပါတယ်.။ ၁၇-၆-၁၉ မှာ အခွန်ဆောင်ခွင့်ရတယ်။ အလုပ်ရှင်ကလဲ ပိုက်ဆံ ပြန်ပေးစရာ မလိုကြောင်း ပြောပါတယ်။ လိုအပ်တဲ့ ဖုန်းထက် ပိုကောင်းတဲ့ ဖုန်းလေးပါ။

ဘုရားရှင် ကျွန်ုပ်ကို သနားတော်မူခဲ့တယ်။ အံ့ဩဘွယ် ကျေးဇူးတော်ပါဘဲ။ ဘုရားရှင်ကို ကျွန်ုပ် အကြွင်းမဲ့ ကျေးဇူးတင် သက်သေခံပါတယ်။ ဘုရားရှင်ဟာ အစဉ် ကတိတည်သူပါ။ ကျွန်ုပ်တို့ကို ပြောထားပြီးသား သင်တောင်းသောအရာထက် ပိုကောင်းသော အရာကို ငါ ပေးမယ်တဲ့ ။



တစ်ခါတစ်ရံ ဒီလောကနဲ့ လူတွေကြား
အဆင်မပြေတဲ့ ဘဝအကြောင်းတွေးရင်း စိတ်ပျက်တယ်။
ခနခန ဂျီကျ။ ဘုရားသခင်က သဘောမကျ။
ပူပန်မိတဲ့ မနက်ဖြန်အကြောင်း အက်ကြောင်းလဲ ထပ်၊ ခရီးလဲ ဆက်နေရဆဲ။
အတ္တတွေ လောဘတွေကြောင့် ငါ့ဆုတောင်း ဘယ်ပြည့်ပွဲ့မလဲ။
သခင် ကတိထား။ ငါ့ကို မှာထားတာက မနက်ဖြန်အဖို့ မစိုးရိမ်ကြနှင့်
နက်ဖြန်နေ့သည် မိမိအဖို့ စိုးရိမ်လိမ့်မည်။
ယနေ့၌ရှိသော မကောင်းမသင့်သော အရာသည်
ယနေ့ အဖို့ လုံလောက်ပေ၏ တဲ့။ မသဲ ၆း၃၄ (Blessing Rain)



---

## သက်သေခံချက် အယ်ထုဆန်

ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်နှံလော့။
ကိုယ်တော်ကို ကိုးစားလော့။ သို့ပြုလျှင် စီရင်တော်မူမည် ။ ဆာ ၃၇း၅

ကိုယ့်ဘဝ ရှေ့ရေးအတွက်ဘဲ ကြိုးစားမယ်ဆိုတဲ့ တကိုယ်ကောင်းဆန်ဆန် အတ္တစိတ်နဲ့ တစ်နေ့ပြီးတစ်နေ့ စန္ဒယားကျင့်၊ အင်္ဂလိပ်စာ လေ့လာ၊ အသက်မွေး ဝမ်းကြောင်းအတွက် စန္ဒယား လိုက်သင်ပြီး နေနေတဲ့ ကျွန်မ ဘဝထဲကို ဘုရားသခင်ဆီက ကြီးကြီးမားမား သွန်သင်မှု တစ်ခု ရခဲ့ပါတယ်။

ဧရာဝတီတိုင်းမှာ နာဂစ်မုန်တိုင်း တိုက်ခိုက်ခံရလို့ လူတော်တော်များများ အနေမဲ့ စားစနရာမဲ့ ဖြစ်သွားတယ်ဆိုတာ ကြားသိပေမဲ့၊ ဩော် ငါ့မှာလဲ ခါးနာနေတာနဲ့ ဆိုတော့ ဘာမှ မကူညီနိုင်ပါဘူး ဆိုပြီး နေနေတဲ့အချိန်မှာ ဘုရားကျောင်းက လူငယ်တွေ လိုင်သာယာ။ ဒဂုန်ဘက်က ပျက်ဆီးသွားတဲ့ အိမ်တွေကို လုပ်အားပေး သွားကူညီကြတာ သိပေမဲ့ ကျွန်မက ခါးနာတာ အကြောင်းပြပြီး ဘယ်မှ လိုက်မကူညီဖြစ်ပါဘူး။ ခါး ဘယ်လောက်နာနာ ပိုက်ဆံ ရချင်ဇောနဲ့ ကျွန်မဟာ အလုပ်ကိုတော့ အရှိန်မပြတ် သွားပါတယ်။ တစ်နေ့တော့ ကျွန်မ ခါး အရမ်းနာလာတဲ့အခါ စန္ဒယား ဆက်မတီးနိုင်တော့ ဘဲ ကျွန်မတို့ အလုပ်မှာ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဒေါင့်ကြီးရွာက အလုပ် လာလုပ်နေတဲ့ ကောင်မလေးကို သူတို့ ရွာ ဘယ်လို အခြေအနေ ရှိသလဲဆိုတာ သိချင်ဇောနဲ့ မေးလိုက်မိပါတယ်။ သူတို့ရွာ တစ်ရွာလုံးပျက်ဆီးနေပြီး ဘယ်သူကမှလဲ မထောက်ပံ့ဘူး။ သူတို့ မိဘတွေ အသက်ရှင်သေးလား။ သေသွားပြီလားဆိုတာ မသိရ သေးဘူးဆိုတာကို ပြောပြတော့ ကျွန်မ သူ့ကို တော်တော် သနားသွားတယ်။ မင်းတို့ရွာကို အစ်မ လိုက်လို့ ရလားလို့ မေးတော့ သူက ရတယ်တဲ့။ ဒါနဲ့ ကျွန်မလဲ ရံပုံငွေ ရှာ။ လူစု ရင်းနဲ့ ခါးနာတာတွေလဲ ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး နာဂစ်ဖြစ်ပြီး ၂ ပါတ် အကြာမှာ သူတို့ရွာကို ကျွန်မ ရောက်သွားခဲ့ပါတယ်။

ဒီရွာကို ကျွန်မတို့အဖွဲ့ အရင်ဦးဆုံး ရောက်လာတာ ဖြစ်ကြောင်း သိရပါတယ်။ ရွာရဲ့ အခြေအနေကိုကြည့်ပြီး ကျွန်မ တော်တော် ခံစားသွားခဲ့ရပါတယ်။ ကျွန်မတို့ အဖွဲ့ သူတို့ကို ဆုတောင်း ဆေးကု ပေးပြီး ခြင်ထောင် အိုးခွက် ပန်းကန် စားစရာအချို့ လှူဒါန်းခဲ့ပါတယ်။ ဒီလို အချိန်မှ ကိုယ့်နိုင်ငံ အခြေအနေကို ကျွန်မ မျက်ဝါး ထင်ထင် မြင်ရတော့ ရင်ထဲ ဆို့ဆို့နင့်နင့် ခံစားကြွေကွဲခဲ့ရပါတယ်။ ရှောလမုန်မင်းကြီးပြောတဲ့ အနတ္တအရာ သက်သက်ဖြစ်တယ်ဆိုတဲ့ တရားကို ကောင်းကောင်း သဘာပေါက် သွားပါ တယ်။ အဲဒီရွာမှာ သုံးလ အထိ လုပ်အားပေး ဆက်ကပ်ခဲ့ပါတယ်။ အဲဒီလို ဆက်ကပ်နေတဲ့ ကာလမှာ ကျွန်မ ရွာနဲ့ ရန်ကုန်ကို ကူးချည် သန်းချည်လုပ်ပါတယ်။ အဓိက ကတော့ FUND ရှာတာပါ။ နောက်ဆုံးအခေါက်ကတော့ ရွာမှာ ဆရာဂန်နဲ့ ကျွန်မ သူငယ်ချင်းတွေကို လွှတ်ထားတယ်၊ တစ်ပါတ်အကြာမှာ ကျွန်မ ပြန်လာမယ်လို့ ကတိ ခံထားပါတယ်။ ဒီတစ်ခါတော့ ဖေါ့ဂေလိ ဆရာနဲ့ အတူ ကျမ်းစာအုပ်တွေ ဝေမယ်လို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်။ ဒါနဲ့ ဘုရားသခင်ဆီ ဒူးထောက်ဆုတောင်းပြီး လိုအပ်တဲ့အရာ အားလုံး ထောက်ပံ့ပါ။ ကိုယ်တော့်လက်၌ အပ်နှံပါတယ်လို့ ဆုတောင်းခဲ့ပါတယ်။ ဒါနဲ့ တစ်ရက်တိတိ FUND ရှာတာ ဘယ်သူကမှ မထောက်ပံ့တဲ့ အတွက် စိတ်ထဲမှာ ဖျတ်ကနဲ အတွေးတစ်ခု ဝင်လာပါတယ်။ ငါ FUND မရှာနိုင်ခဲ့ရင် ဆရာဝန်တွေ ဘယ်လို ပြန်လာမလဲ ဆိုတဲ့ အတွေးနဲ့ ကျွန်မ ခေါင်းတွေ ချာလပတ် ရမ်းသွားခဲ့ပါတယ်။ ဘုရားသခင် ငါ့ကို မေ့နေပြီလားဆိုတဲ့ အတွေးနဲ့ ကျွန်မ ရင်ထဲမှာ အပူမီးတွေ တောက်လောင်နေခဲ့ပါတယ်။ သောကြာနေ့အထိ ကျွန်မ ဘာတစ်ခုမှ အဆ်မပြေသေးပါ။ ကျမ်းစာမှာတော့ ဘယ်အမှုကိုမှ စိုးရိမ်ခြင်းမရှိနှင့် ။ အဘယ်သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တစ်တောင်ခန့်မျှ တိုးပွားစေနိုင်မည်နည်း လို့ ဆိုထားပေမဲ့ အဲဒီအချိန်မှာ ကျွန်မ ရင်ထဲမှာ ငြိမ်သက်ခြင်းလဲ မရှိ။ ပူပန်လျှက်ပါဘဲ။ ကျမ်းစာထဲက နှုတ်ကပါတ်တော်ဟာ ကျမ်းစာထဲမှာဘဲ ရှိနေပါတယ်။ ကျွန်မ နှလုံးသားထဲမှာ အသက်ရှင် မနေပါဘူး။ ကျွန်မလဲ ဘုရားသခင်ကို ကိုယ်တော် ဘယ်လိုလဲ လို့မေးမိပါတယ်။ ဒီအချိန်မှာ ဘုဂုားရှင်က ကျမ်းစာထဲမှာ တပည့်တော်တွေကို သွန်သင်တဲ့ စကားကို သတိရမိပါတယ်။ မသဲ ၁၀း၁-၁၀ ရွှေငွေကြေးတို့ကို လွယ်အိတ်ထဲ၌ မသိုမှီးကြနှင့်။ လမ်းခရီးဖို့ အကျီနှစ်ထည်။ လွယ်အိတ် ခြေနင်းကို မသိုမှီးကြနှင့်။

ဒါနဲ့ ကျွန်မလဲ ကိုယ်တော် သမီးကို စမ်း တာလား။ ကိုယ်တော် သမီးကို ဒီနေ့ ဘာမှ မပေးရင်လဲ။ မနက်ဖြန် လိုင်းကားနဲ့ သွားမယ်။ ဆရာဝန်တွေကို ကတိ မပျက်ချင်ဘူး ဆိုပြီး ဘုရားသခင်ကို ပြောမိပါတယ်။ ကျွန်မ သူငယ်ချင်းကလဲ မထုဆန် နင်သွားမှာ က မနက်မှပါ။ ဒီနေ့တစ်ရက်လဲ အချိန် မကုန်သေးပါဘူး။ ဘုရားသခင် ဘာလုပ်မလဲ ဆိုတာကို စောင့်ကြည့်ပါလို့ ပြောပါတယ်။ နေ့လည် တစ်နာရီမှာ ကျွန်မဆီ ဖုန်းဝင်လာပါတယ်။ သမီးတို့ အဖွဲ့တွေ ငွေဘယ်လောက်လိုသလဲ။ ဧရာဝတီတိုင်း ဘိုကလေး တဝိုက် ဆေးလိုက်ကုပေးတယ် ဆိုတော့ စက်လှေပါဝယ်ပေးမယ် ဆိုပြီး အလှူရှင်က ပြောလာပါ တယ်။ ဘုရားသခင် စေလွှတ်တဲ့ သင်းအုပ်ဆရာနဲ့အတူ ကျမ်းစာအုပ် ၈၀၀ လဲ စနေနေ့ မနက်မှာ ကျွန်မဆီ ရောက်လာခဲ့ပါတယ်။ ဘုရားဆီ အပ်နှံထားရင် ကျွန်တို့မှာ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ ဘုရားက အချိန်မှီ စီမံပေးတဲ့ ဘုရားဖြစ်ပါတယ်။ ဘုရားသခင်ဟာ ကောင်းမြတ်၍ ဆုတောင်းရင် အဖြေပေးတဲ့ ဘုရား ဖြစ်ပါတယ်။ ဒီ အတွေ့အကြုံအားဖြင့် ဘုရားသခင်က ကျွန်မကို သွန်သင်တယ်။ ဂိညာဉ် အသက်တာမှာ နို့စို့အရွယ်ဖြစ်တဲ့ ကျွန်မကို ဘုရားက သင်ခေါ်ရင် နားထိုင်းတဲ့ ဘုရား မဟုတ်ဘူး။ အခက်အခဲ ပြသနာတွေက ဘုရားအတွက် ခက်ခဲနေသလား။ ဘုရားက လက်တော် တိုတဲ့ ဘုရား မဟုတ်ဘူး။ ဆိုပြီး သွန်သင်ပါတယ်။ ဂိညာဉ် အသက်တာ မြင့်တက်လာအောင် သွန်သင်သော ဘုရားသခင်၏ နာမတော် ဘုန်းကြီးပါစေသောဝ်။ ။ အယ်လ်ထုဆန် (ခေတ္တ စင်ကာပူ)



---

## နှုတ်ကပါတ်တော် Samuel Soe Lwin

သခင့်စကား စာစောင်အတွက် ဤစာမူအား ရေးသားရန် အခွင့်အခါကောင်းကို ပေးသနား တော်မူသော ဘုရားမြတ်ရှင်၏ ကျေးဇူး ဂရုဏာတော်အား ချီးမွမ်းသည့်နည်းတူ ဖေါ်ပြရန်အတွက် ကမ်းလင့် ကြိုသော မင်းအောင်သက်လွင် အားငှင်း အထူး ကျေးဇူး တင်ကြောင်း ဖေါ်ပြရင်း ခရစ်ယာန် အသက်တာတွင် အဓိကပင်မ ဖြစ်သော အခြေခံအုတ်မြစ်အား သမ္မာကျမ်းစာနှင့်အညီ ရေးသားရင်း ယုံကြည်သူ ဓမ္မမိတ်ဆွေများ အစဉ်တည်ဆောက်နိုင်စေရန် ရည်သန်လျှက် ဤစာမူအား ရေးသား ဖေါ်ပြအပ်ပါသည်။ အထူးသဖြင့် ဤစာမူသည် စာရေးသူ၏ ကိုယ်ပိုင်စာမူမဟုတ်သော်လည်း မြန်မာမှုနှင့် အညီ လျှော်ကန်သင့်မြတ်စွာ ဘာသာပြန်ဆိုထားပါကြောင်း ဦးစွာ စကားနိဒါန်းပျိုးလိုက်ရပါသည်။။

သွန်သင်၍ ယုံကြည်သက်ဝင်သော တရား တို့ကို အခြေခံ ယုံကြည်ချက်များ အဖြစ် ဟူ၍ခေါ်ပြီး၊ ထိုအရာအားလုံးတို့သည်လည်း ခြေခြေမြစ်မြစ် အရင်းခံ ရှိရပေမည်။ ကျွန်ုပ်တို့၏ ယုံကြည်ချက်သည် ဘာသာရေး ခေါင်းဆောင်များ၏ အတွေးအခေါ်၊ ရိုးရာဓလေ့၊ ထုံးတမ်းတို့ကို ပင်မအခြေခံခြင်း မဟုတ်ပဲ၊ သမ္မာကျမ်းစာတော်လာ ဘုရားမြတ်၏ နှုတ်ထွက်စကားမှ သာဖြစ်ရပေမည်။ ပြောင်းလဲခြင်းကင်းသော သမ္မာတရားသည်သာ ကျွန်ုပ်တို့၏ လမ်းညွှန်စံအဖြစ်ရင်း၊ သက်ဝင် ယုံကြည် အားထားရာ ဖြစ်ပါသည်။

*၁။ သမ္မာကျမ်းစာ အပေါ်စစ်မှန်သောယုံကြည်ခြင်း။*

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ စကားလုံးတိုင်းတို့သည် ဘုရာမြတ်ရှင် ကိုယ်တော်တိုင် မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်၍ အမှားအယွင်းမရှိ၊ လုံးဝဥဿုံ စစ်မှန်သော သမ္မာတရားများအဖြစ် ယုံကြည်ကြပါသည်။

*၂။ သမ္မာကျမ်းစာအပေါ်မှားယွင်းသောယုံကြည်ချက်များ။*

က။ လစ်ဘရယ်တို့၏ယုံကြည်ခြင်း။ **(Liberalism)**

သမ္မာကျမ်းစာသည် ရာစုနှစ်ပေါင်းများစွာမှ အဆင့်ဆင့် ကူးယူလာကြရသော ကြောင့် ရှေးဘိုးဘေးတို့၏ အတွေးအခေါ် အယူအဆ၊ ဒဏ္ဍာရီတို့ကို အခြေခံရေးသားထားသော စာအုပ်အဖြစ်ယုံကြည်ကြပြီး၊ ထိုစာအုပ်ကြီးအား ဤသည် မလွဲ ယုံကြည်နာခံရန်မလို၊ ကောင်းမွန် မှန်ကန်သော ကိုယ်ကျင့်တရားအပိုင်းကို လူတို့ ရွေးချယ်ပြီး လိုက်နာရန်သာလိုအပ်လှသည်။

ခ။ နျူးအော်သိုဒေါက်စ်တို့၏ယုံကြည်ခြင်း။**(Neo Orthodoxy)**

မျက်မှောက်ခေတ်ကျမ်းတတ်အချို့တို့သည်ကား သမ္မာကျမ်းစာမှ အချို့သော အစိတ်အပိုင်းတို့ကကြားနာသူကိုဎင်း၊ ဖတ်ရှုက်သူကိုဎင်းအသက်ဝင် စကား ပြောလာချိန်တွင် ထိုအစိတ်အပိုင်းသည် ဘုရားရှင်၏ နှုတ်တော်မှ ထွက်လာသော စကားတော်ဖြစ်လာကြောင်း တွေးခေါ်ကြံဆ ယုံကြည်ကြလေသည်၊ တစ်စုံတဦး အပေါ်၌ စကားဆိုလာသောအခါ သို့မဟုတ် အသက်ဝင်ခြင်းမှသာ နှုတ်ကပါတ်တော် အဖြစ် ယုံကြည်ကြသည်။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၀ ။ အောက်တိုဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဂ။ အခြေမခိုင်သောဇေန်ဂျလီကယ်တို့၏ ယုံကြည်ခြင်း။

မျက်မှောက်ခေတ်တွင် ဇေံဂေလိသမားအချို့က သမ္မာကျမ်းစာ၏ မှုတ်သွင်းခြင်း ဟူသောယုံကြည်ခြင်းမှ လွဲဖယ်နေကြပါသည်၊ သူတို့၏ယုံကြည်ချက်မှာ၊ "သမ္မာ ကျမ်းစာ၌ ဘုရားစကားပါရှိသည်" ဟူ၍ဆိုခြင်းဖြစ်သည်။ ယုံကြည် သက်ဝင်ရာ အပေါင်းတို့တွင် သမိုင်း၊ သိပ္ပံနှင့် စပ်ဆိုင်သော အရာတို့တွင် ဘုရားရှင်၏ မှုတ်သွင်း ခြင်းသည်အရေးကြီးသော အခန်းကဏ္ဍတွင် မပါဝင်သကဲ့သို့၎င်း၊ ၎င်းကိစ္စတို့တွင် အမှား အယွင်းများပါရှိနိုင်ပေသည်။

*၃။ နှုတ်တော်ထွက်သမ္မာကျမ်းစာအားပေးတော်မူခြင်း။*

က။နှုတ်ကပတ်တော်မှုတ်သွင်းခြင်း။

၆၆ အုပ်သော နှုတ်ကပါတ်တော် ဘုရားစကားတို့သည် လူသားတို့ထံ ဖေါ်ပြ ရန်အတွက် ဘုရားရှင်သည် နေရာဒေသ၊ အလွှာအဆင့်ကွဲပြားသော လူပေါင်း ( ၄၀ )မျှသော ပုဂ္ဂိုလ်တို့အား အသုံးပြုကာ ရေးမှတ်စေခဲ့ပါသည်။ ဘုရားရှင်သည် သန့်ရှင်း သော ဝိညာဉ်တော် ဥပစ္ဈယ်ဆရာအားဖြင့် လူတို့အားလမ်းပြစေ၍ အမှား အယွင်း ကင်းရှင်းစေကာ မှတ်တမ်းတင်စေခဲ့ပါသည်။ အကြောင်းမူကား အနာဂတ္တိစကားသည် လူ့အလိုအလျှောက်အားဖြင့် ဖြစ်ဘူးသည် မဟုတ်၊ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏ ( ၂ ပေ၊ ၁း၂၁ )ဟူ၍ မိန့်တော် မူထားပါသည်။ ၂ တိ၊ ၃း၁၆ တွင် "ထိုကျမ်းစာရှိသမျှတို့သည် ဘုရားသခင် မှုတ်သွင်းတော် မူသောအားဖြင့်ဖြစ်၍ "ဟူ၍၊ ဆာလံ ၁၉း၇ တွင် "ထာဝရဘုရား၏ စကားတော်သည် စုံလင်သည်ဖြစ်၍ " ဟူ၍၎င်း ဖေါ်ပြထားပါသည်။ ထို ယုံကြည် ခြင်းသည် လုံးသဉ္စသုံ ကေန်စင်စစ် ဘုရားရှင်၏ နှုတ်တော်ထွက် သမ္မာကျမ်းစာဟူ၍ ယုံကြည်ခံယူချက်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုစစ်မှန်သော ယုံကြည်ခြင်း၏ ဆိုလိုရင်းမှာ သမ္မာကျမ်းစာမှ စကားလုံးတိုင်းသည် အမှားအယွင်းမရှိ ဘုရားရှင်ကိုယ်တော်တိုင် မှုတ်သွင်းထားသော နှုတ်တော်ထွက် အဖြစ်ယုံကြည်လက်ခံခြင်းပင်ဖြစ်သည်။

ခ။ စောင့်ထိန်းတော်မူခြင်း ။


သမ္မာကျမ်းစာတော်မြတ်သည် နှစ်ပေါင်းထောင်ချီခဲ့သော အချိန်မှ ရေးမှတ်ခဲ့သည်။ ထို့အတူ အကြိမ်ပေါင်းများစွာ ကူးယူခြင်း ဘာသာစကား ပေါင်း များစွာသို့ ဘာသာပြန်ဆိုခြင်းများ ပြုခဲ့သည်။ ထိုအကြောင်းကြောင့်ပင် အချို့သော ပုဂ္ဂိုလ်များက သမ္မာကျမ်းစာသည် နှစ်ပေါင်းများစွာက ကူးယူရာတွင် လိုတိုး၊ မလိုနှုတ်၊ ချန်လှပ်ခဲ့ခြင်းများ စသောအမှားများ ဖြစ်နိုင်ခြေရှိသောကြောင့် လုံးဝတိကျသော နှုတ်တော်ထွက် စကားတော်ကျမ်းစာ အဖြစ်အားကိုး ယုံကြည်၍ မရနိုင်တော့ ဟူ၍ ပြောဆိုကြလေသည်။ သို့သော် နှုတ်ကပါတ် သမ္မာကျမ်းစာတော်မြတ်က ဘုရားရှင် သည် သူ၏ကေဝါစာ တစ်ခွန်းတည်းသော စကားတော်ကို အချိန်ကာလနှင့်အမျှ စောင့်ထိန်း တော်မူကြောင်းဖေါ်ပြပါသည်။ ဆာလံ ၁၁၉း၈၉ တွင် " အိုထာဝရ ဘုရား၊ နှုတ်ကပါတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏ " ဟူ၍၎င်း ခရစ်တော် ဘုရားကိုယ်၌က " ကောင်းကင်နှင့်မြေကြီး မပျက်စီးမီတိုင်အောင် ၊ ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံးဖြစ်၍ တလုံးမျှ ပြည့်စုံခြင်းသို့ မရောက်မီ မပျက်စီးရ "ဟူ၍ မဿဲ ၅း၁၈ တွင် မိန့်တော်မူခဲ့ပါသည်။ ဂလာတိ ၃း၁၆ တွင် အမျိုးအနွယ်နှင့် ဆိုင်သော သမ္မာစကား ကတိတော်မြတ်တွင်လည်း ရှင်ပေါလုက အမျိုးအနွယ်ကို ဆိုရာတွင် အနည်း ကိန်းသာ ဆိုခဲ့ကြောင်း တိတိကျကျဖေါ်ပြခဲ့ပါသည်။ ထိုအရာတို့အားဖြင့် ဘုရားရှင်၏ သမ္မာကျမ်းစာကို လုံးလုံး ယုံကြည်သက်ဝင်ခဲ့ကြောင်း ဖေါ်ပြသည့်နည်းတူ သမ္မာကျမ်းစာအား ကူးယူကြရာတွင် လုံးဝချွတ်ချော် တိမ်းလွဲခြင်း မဖြစ်ခဲ့ပါလေ။

သမ္မာကျမ်းစာ မိတ္တူများစွာရှိသည့်အလျောက် ယုံကြည်ကိုးစားထိုက်သော သမ္မာကျမ်းစာမြတ် အားဖြင့်အားနည်း အားသာချက်များကို ချိန်ထိုးယှဉ်ကြည့်ခြင်း အားဖြင့် နှုတ်ကပါတ်တော်ကို ယုံကြည်သက်ဝင်သူတိုင်း သတိဝီရိယရှိစွာဖြင့် ကူးယူ ဘာသာပြန်ဆိုခြင်း အမှုကိုပြုနိုင်ကြပါသည်။ ထိုစနစ်ကောင်းအားဖြင့် ဘုရားရှင်က သူ၏ နှုတ်တော်ထွက် သမ္မာစကားတော်မြတ်အား စောင့်ထိန်းကာ ကျွန်ုပ်တို့အဖို့ သိရှိစေ၍ ယုံကြည်သက်ဝင်စေရန် ပြုတော်မူပါသည်။ သို့သော်ခေတ် အဆက်ဆက် သမ္မာကျမ်းစာ မြတ်ကို မယုံလိုသူတို့ ရှိခဲ့ပါသည်။ မူရင်းသမ္မာကျမ်းစာမြတ် မရှိတဲ့အတွက် ၎င်း သမိုင်းကြောင်း သက်ဝင်ရန် မဖြစ်နိုင်ဟု ဆိုကြသလို၊ သမ္မာကျမ်းစာသည် ဥပမာ ဆန်ဆန်နှင့် လက်တွေ့ကျကျ လက်မခံနိုင်ပါ။ သမ္မာကျမ်းစာမှ ရေးသားသူတို့၏ ရည်ရွယ် ချက်ကို ခြုံငုံကာ စာ၊ စကားထက် ဆိုလိုရာ ကိုသာ နားလည် တတ်ရန် လိုကြောင်း ဆိုကြပေမည်။ သို့တိုင်အောင်လည်း အထက်ပါ အကြံဉာဏ်ပြုချက်တို့သည် လူထုအား သမ္မာတရားမှ သွေဖယ်စေရန် လုပ်ဆောင် ခြင်းမျှ သာဖြစ်လေသည်။ ၎င်းတို့ကိုယ်တိုင်ကပင် သမ္မာကျမ်းစာအား ဘုရားရှင် မှုတ်သွင်း ထားသော နှုတ်ကပါတ် တော်စကားဟူ၍ လက်မခံလိုကြ။

ဂ။ အလင်းတရားကိုပေးခြင်း။

သမ္မာကျမ်းစာသည် ဘုရားရှင်မှုတ်သွင်းထားသော ဝိညာဉ်ရေး စာအုပ် ဖြစ်သောကြောင့် ဘုရားရှင်၏ ဝိညာဉ်တော် ကူမခြင်းအားဖြင့်သာ နားလည် နိုင်ပေသည်။ "ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အားဖေါ်ပြတော်မူ၏၊ ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသော အရာတို့ကို စစ်တော်မူ၏ ... ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော် အရာကို မခံမယူ၊ ထိုအရာတို့သည် မိုက်မဲသော အရာဖြစ်သည်ဟုထင်တတ်၏၊ ထိုအရာ တို့ကို ဝိညာဉ်တော်အားဖြင့်သာ ပိုင်းခြား နားလည်နိုင်သောကြောင့်၊ ဇာတိ ပကတိလူသည် နားမလည်နိုင် "ဟူ၍ ၁ ကော ၂း၁၀၊၁၄ တွင်ပါရှိသည့် အတိုင်း ဝိညာဉ်တော် ဘုရားတည်းဟူသော ဥပစ္ဈာယ်ဆရာ၏ ကူမတော်မူခြင်းသည် အလင်း တရား ရရှိရန်ဖြစ်ပါသည်။ နှုတ်ကပါတ်တော်မြတ်အား ဖတ်ရှုရာတွင် ရှင်ဘုရင် ဒါဝိဒ်ကဲ့သို့ ဆုတောင်းရန်လိုအပ်လှပေသည်။ "တရားတော်၌ အံ့ဘွယ်သောအရာတို့ကို မြင်နိုင်ပါမည့်အကြောင်း၊ အကျွန်ုပ်၏ မျက်စိတို့ကို ဖွင့်တော်မူပါ " ( ဆာလံ ၁၁၉း၁၈)။ ။ Samuel Soe Lwin

-----------------------------------



## ပျင်းရိခြင်း၏ရလဒ် မာရာနသာနီနီခိုင်

* ပျင်းရိသောသူသည် မုဆိုးလုပ်သော်လည်း ဘမ်းရသော အကောင်ကို ကင်၍ မစားရ။လုံ့လ ဝီရိယပြုသော သူ၏ ဥစ္စာမူကား အဘိုးထိုက်ပေ၏။ သုတ္တံ ၁၂း၂၇

ကျွန်မ ဒီကျမ်းပိုဒ်ကို ဆင်ခြင် စဉ်းစားမိပါတယ်။ ဘာ့ကြောင့် ပျင်းရိသူက သူဖမ်း ထားတဲ့ အကောင်ကို မစားရတာလဲ။ သားကောင်ရပြီး အိပ်ပျော်နေချိန်မှာ သူ့ သား ကောင်ကို သူများ ခိုးယူသွားတာလား။ အပြင်မှာ အကြာကြီးထားလို့ ပုပ်သွားတာလား။ သားကောင်ကို တကယ် သွားမဖမ်းဘဲ အိပ်ယာပေါ်မှာ စိတ်ကူးယဉ်နေတာလား။ အဲဒီ အချိန်မှာ ချက်ခြင်း ကျွန်မ သတိရလိုက်တာ တစ်ခုရှိပါတယ်။ အဲဒါကတော့ ကျေးဇူးရှင် ဖခင် ပြောပြတဲ့ ပျင်းရဲ့ ဇာတ်လမ်းတွဲထဲကပေ့ါ။ ပျင်းဟာ အလုပ် မလုပ်ဘဲ၊ ဉာဏ်နီ ဉာဏ်နက် နည်းမျိုးစုံ သုံးသောကြောင့် နောက်ဆုံး ရှင်ဘုရင်က ရွာနှင်ဒဏ် ပေး၍ သားအမိ နှစ်ယောက် တောထဲမှာ နေရတဲ့ အချိန်၊ ဟင်းချက်စရာ ဘာမှရှိလို့ အမေလုပ်သူက ပျင်းကို တောထဲမှာ စားစရာ အကောင် တစ်ကောင်ကောင် ဖမ်းခဲ့ဖို့ ပြောတော့ ပျင်းလဲ ပျင်းပျင်းနဲ့ ထွက်လာခဲ့ပြီး အိမ်နဲ့ အလှမ်းဝေးတဲ့ နေရာရောက်တော့ ကင်ပွန်းချဉ်ရွက် တွေကို ခူးပြီး ငှက်ကို ထောင်ချောက်နဲ့ ထောင်တာပေ့ါ။ ကံကောင်း ထောက်မလို့ ပျင်း တစ်ယောက် ငှက်ကို အရှင် ဖမ်းမိသွားတာပေ့ါ။ ပျင်း က ဘာလုပ်သလဲ ဆိုတော့ ကင်ပွန်းချဉ်ရွက်ကို ငှက်အရှင်ရဲ့ ခြေထောက်မှာ ကြိုးနဲ့ချည်၊ ငှက်ကို ဒီလို ပြောပါတယ်။ "ငှက်ကလေးရေ ဒီနေရာနဲ့ တော်တော် ဝေးတဲ့ နေရာမှာ အိမ်တစ်လုံးရှိတယ်။ အိမ်ထဲမှာ ငါ့အမေ ရှိတယ်။ အဲဒါ မင်းက ငါ့ကို ပျင်းက ဖမ်းမိပြီး လွှတ်လိုက်တာပါ။ ငါ့ကို သတ်ပြီး ကင်ပွန်းချဉ်ရွက်နဲ့ ချက်ပါ။ ပျင်းက မှာလိုက်ပါတယ် " လို့ပြောပြီး ငှက်ကို လွှတ်လိုက်သတဲ့။ ဖမ်းရာက အလွှတ်ခံ ထိတဲ့ ငှက်ကလေး ဘယ်ကိုသွားသလဲ ဆိုတာ စာဖတ်သူ ကိုယ်တိုင် စဉ်းစားကြည့်ကြပါတော့။

စာစောက ဒီပုံလေးအားဖြင့် ပျင်းရိတဲ့ သူဟာ ကိုယ့်လက်ထဲ မိထားတဲ့ သားကောင် ကိုတောင် လက်လွှတ်ဆုံးရှုံးခံရခြင်း ဖြစ်ပါတယ်။ သူတပါး ဥစ္စာပစ္စည်းကို မတရား စျေးနှိမ်၍ လိုချင်သော ရွဲကုန်သည်ဟာ သူများထက် ဦးစွာ ရွှေခွက်ကို ရခဲ့ပေမဲ့ မတရား စျေးနှိမ်လိုတာကြောင့် အကောင်းဆုံး ရွှေ ဖလားနဲ့ ဝေးခဲ့ရပါတယ်။

တောထဲမှာ နေပြီး ဖခင်ရဲ့ သိုးတွေကို လုံ့လ ဝီရိယရှိစွာနဲ့ တခြား တိရိစ္ဆာန်တွေရဲ့ ရန်က ကာကွယ်ပေးတဲ့ ဒါဝိဒ်ဟာ မပျင်းမရိ ခဲ့လို့ ဣသရေလ ရှင်ဘုရင် ရာထူးကို ရသွားခဲ့ပါတယ်။ ။







--------------------------------------------------------------------

## ကြောက်ရွံ့ခြင်း (မင်းအောင်သက်လွင်)

ကလေးတွေ ကြည့်တဲ့ ကာတွန်းကား လေးထဲမှာ ကြောင်နဲ့ ကြွက် ကားကို ကလေး တော်တော် များများ ကြိုက်တာ ကျွန်တော် သတိထား မိလိုက်လို့ သူတို့နဲ့ ရောပြီး ဝင် ကြည့်မိတော့ ကျွန်တော်လဲ ကြိုက်သွားမိ ပါတယ်။ အဲဒီ ကာတွန်း ကားလေးထဲမှာ ကြောင်နဲ့ ကြွက် က အပြန်အလှန် တစ်ကောင်ကို တစ်ကောင် အနှောက် အယှက်တွေ ပေးရင်း ကြောက်နေ ကြပါတယ်။ ရန်ဖြစ် နေကြပါတယ်။ စီစဉ် ထုတ်လုပ်သူ ဒါရိုက်တာက အပြင် သဘာဝမှာ ဖြစ်ပျက်တတ်တဲ့ ကြောင်နဲ့ ကြွက်၊ ကြောင်နဲ့ ခွေးတို့ ရဲ့ အပြန်အလှန် ကြောက်ကြပုံကို ဇာတ်လမ်းဆင် ရိုက်ကူး ထားတာ တော်တော်လေး အောင်မြင်တယ်လို့ ဆိုရပါမယ်။ ကြွက်၊ ကြောင်နဲ့ ခွေးတို့ရဲ့ **Tom & Jerry** ကာတွန်း ကားဟာ

တော်တော်လေး အောင်မြင် တယ်လို့ ဆိုရပါတယ်။ မြန်မာ စကားပုံ တွေထဲ မှာတော့ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဆိုတဲ့ ကြောက်ရွံ့ခြင်းနဲ့ ပါတ်သက်တဲ့ စကားက ရေပန်း စားပါတယ်။

ကျွန်တော်တို့ လက်ရှိ အပြင် လောက မှာလဲ လူတွေက တစ်ယောက် နဲ့ တစ်ယောက် ကြောက်နေကြရပါတယ်။ လူ အချင်းချင်း ကြောက်ရ ပါတယ်။ အထူးသဖြင့်တော့ အားနည်းတဲ့သူက အားသာ၊ အားကြီးတဲ့ သူကို ကြောက်ကြတာ တွေ့ရပါတယ်။ အုပ်ချုပ်သူနဲ့ တိုင်းသူ ပြည်သား၊ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်၊ သူဌေးနဲ့ အလုပ်သမား တွေဟာ အပြန်အလှန် ကြောက်နေ ကြရပါတယ်။

လူအချင်းချင်း ကြောက်ရုံတင် မပြီးသေးပါဘူး လူက ကိုယ့်ထက် အားသာတဲ့ ရောဂါဘယ၊ သဘာဝ ဘေးအန္တရာယ် တွေကို ကြောက်ကြ ရပြန်ပါတယ်။ မီးတောင်ပေါက်တာ၊ လေပြင်းမုန်တိုင်း တိုက်ခတ် တာ၊ တောမီး၊ မြို့မီး လောင်တာ၊ တို့အပြင် ရောဂါတွေထဲမှာလဲ လူတွေဟာ ဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ တုတ်ကွေး ရောဂါ၊ အေအိုင် ဒီအက်စ်ရောဂါ၊ ကင်ဆာရောဂါ အစရှိတဲ့ ရောဂါ ပေါင်းစုံကိုလဲ ခေတ်အဆက်ဆက်က ကြောက်ခဲ့ ရပြန်ပါတယ်။

မြန်မာပြည်မှာ နာဂစ်မုန်တိုင်း တိုက်ခံ ရပြီးတဲ့နောက်မှာ ကျွန်တော် ဟာ စင်ကာပူက မြန်မာ ခရစ်ယာန်ဆေးကုတဲ့ အဖွဲ့နဲ့ နာဂစ် မုန်တိုင်း ခံရတဲ့ ရွာတွေဆီ ဆေးကုသပေးဖို့ လိုက်ပါ သွားခဲ့ပါတယ်။ ဘိုကလေး အပိုင်၊ အောင် ချမ်းသာ ရွာကို ရောက်တဲ့အခါမှာတော့ မုန်တိုင်း ကြောင့် ပျက်သွားတဲ့ အိမ်အစား ယာယီ တဲအိမ်လေးတွေ ထိုးထားရင်း မိုးယိုမှာ စိုးလို့ ဖခင်ဖြစ်သူနဲ့ သားငယ် တစ်ယောက်က သူတို့ တဲအိမ်လေးပေါ် တက်ပြီး ခေါင်မိုး ဖာနေတာ ကို မြင် လိုက်ရတော့ ကျွန်တော့် လက်ထဲက ကင်မရာနဲ့ ဓါတ်ပုံ လှမ်းရိုက်လိုက်ပါတယ်။ ကျွန် တော့် ကင်မရာက ထွက်လာတဲ့ မီးရောင်က လျှပ် စစ်ပြက်သလို ဖြစ်သွားတာမို့ သားအဖ နှစ် ယောက် တဲခေါင်မိုးပေါ်ကနေ အူယားဖားယား ခုန်ဆင်း လာကြပါတယ်။ နောက်မှ ကျွန်တော့် ကင်မရာ မီးမှန်း သိလို့ စိတ်သက်သာရာ ရသွားပြီး ပြန်ပြောပြပုံက "ကျွန်တော်တို့ က မုန်တိုင်းဒဏ်ကို ကောင်း ကောင်း ခံခဲ့ရတော့ အခုဆိုရင် မိုးညိုလာမှာ၊ လျှပ်စစ်ပြက်လာတာကို တော်တော်ကြောက် နေရပါတယ်။ ကင်မရာ ရိုက်တာ ကိုတောင် လျှပ်စစ်ပြက်တယ် ထင်ပြီး ကြောက်နေရပါတယ်လို့ တုန်တုန်ရီရီ ပြောပြပါတယ်။

၂၀၀၉ ခုနှစ်မှာ **H1N1** တုပ်ကွေးရောဂါ ဖြစ်လို့ နိုင်ငံ တော်တော် များများမှာ နှာစေးချောင်းဆိုး အဖျားတက်ရင် တုပ်ကွေးရောဂါရှိသူ လို့ အထင်ခံ ရတတ်ပါတယ်။ ကျွန်တော်က မြန်မာပြည် ခန ပြန်နေချိန်မို့ စင်ကာပူကို ပြန်ဝင်လာတဲ့အခါ လေဆိပ်မှာ နှာစေးချောင်းဆိုး အဖျားကြီး သူတွေကို ပြည်ဝင်ခွင့် မပေးဘူးလို့ သတင်းထွက်နေတာမို့ ကိုယ့်ကိုယ်ကို ရိုးရိုး သာမာန် နှာတောင် မစေးရဲလောက်အောင် အကြောက်ပိုခဲ့ရပါတယ်။ တော်ကြာ နှာနဲနဲ စေးလို့ ချောင်းလေး ဆိုးမိရင် စင်ကာပူ လူဝင်မှု ကြီးကြပ်ရေး အဖွဲ့က **H1N1** ထင်ပြီး သူတို့ နိုင်ငံထဲ ဝင်ခွင့်မပေးရင် အလုပ်ပြုတ်မှာ စိုးကြောက်ရလို့ ပါ။

အခုလို ခေတ်မီ တိုးတက်တဲ့အချိန်မှာတော့ ကြောက်ရမဲ့ အရာ အသစ်တွေလဲ ထပ်တလဲလဲ ပေါ်နေပြန်ပါတယ်။ ဥပမာ အလုပ်ပြုတ်မှာ၊ စာမေးပွဲ ကျမှာ၊ စီးပွားပျက်မှာ တွေကိုလဲ ကြောက်နေရ ပြန်ပါတယ်။

၂၀၀၉ ခုနှစ် အစမှာ ကမ္ဘာ့စီးပွားပျက် ကပ်ဆိုက်တာမို့ အမေရိကန်နိုင်ငံက စီးပွားပျက်တဲ့ ဒဏ်က ကာကွယ်ပေးနိုင်မဲ့သူ သမ္မတ အသစ် အိုဘားမားကို တင်မြှောက်လိုက်ကြပါတယ်။ နိုင်ငံစီးပွားပျက်မှာ စိုးကြောက်လို့ ကယ်တင် ဖြေရှင်း ပေးနိုင်မဲ့ သူ သမ္မတသစ်ကို တင်ပြီး ချိန်မှာ သမ္မတ အသစ်ကို လုပ်ကြံ သတ်ဖြတ်မဲ့ သူ ပေါ်လာတယ်ဆိုတဲ့ သတင်း ကြားတဲ့အတွက် သမ္မတလဲ ကြောက်လန့်ခဲ့တာကြောင့် ကိုယ်ရံတော် တပ်တွေ၊ အစောင့်အကျပ်တွေ တိုးပြီး ချထားရပါတယ်။ အော် – ဒီမှာ လဲ ခွေးနဲ့ ကြောင်၊ ကြောင်နဲ့ ကြွက်လို သူနဲ့ ကိုယ် အပြန်အလှန် ကြောက်နေရပါတယ်။

ခရီးသွားပြန်ရင်လဲ လေယာဉ်ပျက်ကျမှာ၊ ကားမှောက်မှာ သဘော်နစ်မှာ၊ လူဆိုးသူခိုး ဓါးပြတွေနဲ့ တွေ့မှာကိုလဲ ကြောက်ရပြန်ပါတယ်။ အိမ်မှာ နေရင်တောင် ကိုယ့်အိမ်ကို သူများ ဓါးပြ လာတိုက်မှာ၊ သူခိုး ဝင်ခိုးမှာ ကြောက်နေရပြန်ပါတယ်။

လူမှုရေး နယ်ပယ်ထဲမှာ ဆိုရင်လဲ မိသားစု ခွဲရမှာ၊ လင်မယား ကွာရှင်းပြတ်စဲမှာ၊ သားသမီး အိမ်ပေါ်က ဆင်းပြေးမှာ၊ အမွေကိစ္စနဲ့ မောင်နှမချင်း သဘောထား ကွဲလွဲမှာကိုလဲ ကြောက်ရပြန်ပါတယ်။

ဘာသာရေး နယ်ပယ်မှာ ကြည့်ပြန်ရင်လဲ ဘာသာရေး မှားယွင်းတဲ့ မိစ္ဆာဝါဒ တွေ ဝင်လာမှာ၊ သာသနာ မကျယ်ပြန့်မှာ ကြောက်နေရပြန်ပါတယ်။

ကြောက်ရွံ့ခြင်း အကြောင်းကို လေ့လာမယ်ဆိုရင် လူ့အလွှာ အ သီးသီးက လူသားပေါင်းစုံဟာ အကြောင်းအရာ အမျိုးမျိုးအတွက် ကြောက်နေ ကြပါတယ်။ စားလဲ ကြောက်စိတ်၊ သွားလဲ ကြောက်စိတ်၊ ည အိပ်ရင်လဲ ကြောက်စိတ်နဲ့ နေနေရပါတယ်။ အိမ်မက်ထဲမှာတောင် ကြောက်နေရပါတယ်။ သူရဲ ကားတွေ ကြည့်ပြီး အိပ်တတ်တဲ့ ကလေးတွေတောင် ည အိမ်မက်ထဲမှာ သူရဲ အကြောင်း ပြန်မြင်ယောင် အိမ်မက် ပြန်မက်ပြီး ကယောင်ကတမ်းနဲ့ ကြောက်ကြတယ်ဆိုတာ တွေ့ရပါတယ်။

မကြောက်တတ်တဲ့သူ ရှိလားလို့ အမေးခံရရင် ဘယ်လိုပြန်ဖြေမလဲ။ ကျွန်တော်ကတော့ မကြောက်တတ်တဲ့သူ မရှိဘူးလို့ ဖြေမှာပါ။ လောကမှာ ကြောက်ရမှာ နှစ်မျိုးရှိပါတယ်။

၁) မကောင်းတာကို လုပ်ဖို့ ကြောက်ရွံ့ခြင်း။

၂) ကောင်းတာကို လုပ်ဖို့ကြောက်ရွံ့ခြင်း တို့ ဖြစ်ပါတယ်။

မကောင်းတာကို လုပ်ဖို့ ကြောက်တတ်တဲ့ သူနှစ်ယောက် အကြောင်း ဝေ ချင်ပါတယ်။ ပထမသူကတော့ ဒံယေလ ဖြစ်ပါတယ်။ ဒံယေလ ဟာ သေရည်သေရက် ယစ်မူးတဲ့ အစာနဲ့ ဘုရားသခင်နဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ အရာတွေကို လုပ်ဖို့ ကြောက်ရွံ့တဲ့သူ ဖြစ်ပါတယ်။ ဒံယေလ ၁း၈

ဒုတိယ သူကတော့ ယောသပ် ဖြစ်ပါတယ်။ ယောသပ်ကလဲ သူ့မယားကို ပြစ်မှားခြင်းဟာ ဘုရားသခင်ကို ပြစ်မှားတာနဲ့ အတူတူဘဲ ဆိုတဲ့ ခံယူချက်အတိုင်း မကောင်းတာကို မလုပ်ဘဲ ကြောက်တတ်တယ် ဆိုတာ တွေ့ရပါတယ်။ ကမ္ဘာဦး ၃၉း၉။ ကောင်းတာကို လုပ်ဖို့ ကြောက်တဲ့သူ အကြောင်း ပြောပြချင်ပါ တယ်။ အဲဒီသူကတော့ ထာဝရဘုရား အထံတော်က ပြေးသွားတဲ့ ယောနဖြစ်ပါတယ်။ ယောန၀တ္ထု ၁း၃။

နောက်တစ်တွဲကတော့ ဓမ္မသစ်ကျမ်းထဲက အာနနိနဲ့ ရှဖိရေ ဇနီးမောင်နှံဘဲ ဖြစ်ပါတယ်။ ဘုရားကိုပေးရမဲ့ အလှူငွေတွေကို မလှူဘဲ လိမ်ညာတဲ့သူတွေဖြစ်ပါတယ်၊ တမန်တော် ၅း၁။ ဘုရားသခင်ရဲ့ ကတိတော်ထဲမှာ ၂တိ ၁း၇ ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို မပေးဘူးလို့ ဆိုထားပါတယ်။ မကြောက်တတ်တဲ့သူ နောက်တစ်ယောက်ကတော့ ရှင်ပေါလု ဖြစ်ပါတယ်။ သူဟာ အလုပ်သုံးမျိုး လုပ်ပါတယ်။ တရားဟောဆရာ၊ တမန်တော်၊ တပါးအမျိုးသားတွေရဲ့ ဆရာ ဖြစ်ပါတယ်။ ရှင်ပေါလုက ကောင်းတာကို လုပ်ဖို့ ရှက်ခြင်း ကြောက်ခြင်း မရှိဘူးလို့ ရဲရဲတင်းတင်းကြီး ဆိုခဲ့ပါတယ်။ ၂တိ ၁း၁၂။ တစ်ခါတစ်ရံမှာ ကောင်းတာကို လုပ်ဖို့ ကြောက်နေပြီး မကောင်းတာကို လုပ်ဖို့ မကြောက်တတ်တဲ့ ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ကြောက်နေမိပါတယ်။ မဿဲ ၂၈း၁၀ ၊ ယေရှုကလဲ ကြောက်ရွံ့ခြင်း မရှိကြနှင့်၊ သွားကြလော့၊ ငါ့ညီတို့သည် ဂါလိလဲပြည်သို့ သွားစေခြင်းငှာ ဤသတင်းစကားကို ကြားပြောကြလော့။ မဿဲ ၁၀း၂၈ ၊ ကိုယ်ခန္ဓာကိုသာ သတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သော သူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့် စိတ် ဝိညာဉ်ကို ငရဲ၌ ဖျက်ဆီးနိုင်သော သူကို သာ၍ ကြောက်ကြလော့။ ။ မင်းအောင်သက်လွင်

---

## ကြိုဆိုနေပါသော်လည်း

*ကာတွန်း - မင်းအောင်သက်လွင်*

အဓိပ္ပါယ်ဖွင့်ဆိုချက် - ဝန်လေး၍ ပင်ပန်းသောသူအား ရှေ့ပေါက်မှ လက်ယပ် ခေါ် ကြိုဆိုပြီး ဝန်ထုတ်ကို မပေါ့စေသည့်အပြင် ပို၍လေးလံသော ဝန်များ ထပ်မံ တင်ပေးပြီး နောက်ပေါက်မှ ကန်ထုတ်ခဲ့သည်။ အပြစ် ဝန်ထုတ်ကို မဖယ်ရှား ပေးသည့်အပြင် အသင်းတော်၏ ဂိုဏ်းစွဲ လူမျိုးစွဲ ဂိုဏ်းဂန စည်းမျဉ်း ဥပဒေ ဝန်ထုတ်များကို လေးလံအောင် တင်ပေးလိုက်သောပုံ ဖြစ်ပါသည်။




မင်း အောင် သက် လွင် စီ စဥ် ထုတ် ဝေ သည်